# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသော ခရီးကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလော သေစေတတ်သော အဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)


၁၃၈၀ ပြည့်နှစ် ပြာသိုလဆန်း ၃ ရက်၊ အင်္ဂါနေ့။ Tuesday 8 January 2019 ၉၅၂၅


# နိုင်ငံတကာဆက်ဆံရေး၊ ပြည်တွင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဦးဆောင်၍ နိုင်ငံတကာဆက်ဆံရေး၊ ပြည်တွင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

**နေပြည်တော် ဇန်နဝါရီ ၇**

နိုင်ငံတကာဆက်ဆံရေး၊ ပြည်တွင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီခွဲအထိ နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဦးဆောင်၍ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတကာဆက်ဆံရေး၊ ပြည်တွင်းလုံခြုံရေးကိစ္စရပ်များ၊ တပ်မတော်မှ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကြေညာပြီးနောက် အခြေအနေများ၊ ရခိုင်ပြည်နယ်နှင့် နယ်စပ်လုံခြုံရေးကိစ္စရပ်များ စသည်တို့ကို ဆွေးနွေးကြသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးမြင့်ဆွေ၊ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

**ယနေ့ သတင်းအညွှန်း**


မြန်မာ-တရုတ် ကျိုက်စမ်းကျော့ နယ်စပ်ဂိတ် ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ
စာမျက်နှာ » ၄

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်
စာမျက်နှာ » ၇

ရုပ်ရှင်ကြည့်ပရိသတ်များအတွက် (လှိုင်သာယာ) အဆင့်မြင့်ရုပ်ရှင်ရုံသစ်ဖွင့်
စာမျက်နှာ » ၁၇





KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ကြေးမုံ

## ကမ္ဘာကြည့် ကြည့်၍ ဖွံ့ဖြိုးမှုတွင်ပါဝင်

ဤကမ္ဘာမြေသည် လူသားများအား အကျိုးပြုသည့် ရှင်သန်ရပ်တည်နေသော မြေဖြစ်၍ ကမ္ဘာမြေကို ငြိမ်းချမ်းသာယာဝပြောအောင် ထိန်းသိမ်းစောင့်ရှောက်သင့်သည်။ သို့မှသာ ဤကမ္ဘာမြေလည်း မညည်းညူဘဲ လူသားများအကျိုးကို ပြန်လည်၍ ပြည့်ပြည့်ဝဝစွမ်းဆောင်ပေးနိုင်လိမ့်မည်။ ကမ္ဘာမြေငြိမ်းချမ်းသာယာဝပြောစေရေးအတွက် ငြိမ်းချမ်းခြင်း၊ တရားမျှတခြင်း၊ ကြွယ်ဝချမ်းသာခြင်းတို့ ထွန်းကားပြန့်ပွားအောင် စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ငြိမ်းချမ်းခြင်း၊ မျှတခြင်း၊ ကြွယ်ဝခြင်းတွင် ငြိမ်းချမ်းခြင်းသည် ကမ္ဘာလောကတစ်ခွင်လုံးတွင် ဦးစားပေးလိုအပ်ချက်ဖြစ်သည်။ ငြိမ်းချမ်းမှသာ မျှတခြင်း၊ ကြွယ်ဝခြင်းတို့ကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ငြိမ်းချမ်းခြင်း၊ မျှတခြင်း၊ ကြွယ်ဝခြင်းသည် ရေရှည်တည်တံ့နိုင်မည့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးရေးရည်မှန်းချက် အစီအစဉ်ဖြစ်သည်။ ငြိမ်းချမ်းခြင်း၊ မျှတခြင်းကို သက်ဆိုင်ရာနိုင်ငံတို့က ဖန်တီးဖော်ဆောင်နိုင်လျှင် ကြွယ်ဝချမ်းသာခြင်း၌ ပူးပေါင်းဆောင်ရွက်မှုတိုးလာပြီး မိမိနိုင်ငံအကျိုးခံစားရေးသာမက တစ်ကမ္ဘာလုံးပါ မျှဝေခံစားနိုင်မည်ဖြစ်သည်။ ယင်းအစီအစဉ်ကို ကမ္ဘာတစ်ဝန်းမှပြည်သူများ နိုးကြားလက်ခံလာကြသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ပါဝင်သင့်နေပြီဖြစ်သည်။

လက်ရှိတွင် သည်းမခံမှုများ တိုးပွားနေပြီး ယုံကြည်မှုများ ကျဆင်းနေသည်။ သို့သော် ပဋိပက္ခဖြစ်ပွားရာနိုင်ငံများ နိုးကြားလာကြသည်။ ဥပမာအားဖြင့် ယီမင်နိုင်ငံတွင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများမှတစ်ဆင့် ငြိမ်းချမ်းရေး အခွင့်အလမ်းများ ပေါ်ပေါက်လာသည်။ အီသီယိုးပီးယားနှင့် အီရီထရီယာတို့ ရိယာ့ဒ်တွင် သဘောတူလက်မှတ်ရေးထိုးနိုင်သောကြောင့် ကာလရှည်တင်းမာမှုများ လျော့နည်းကျဆင်းလာပြီး ဒေသတစ်ခုလုံးအတွက် အလားအလာကောင်းများ ပေါ်ပေါက်လာသည်။ တောင်ဆူဒန် ပဋိပက္ခတွင် ပါဝင်ပတ်သက်သူများအကြား သဘောတူညီချက်များ ရရှိပြီး ငြိမ်းချမ်းရေးအခွင့်အလမ်းများ တစ်ဖန်ပြန်လည်ရှင်သန်လာသည်။ ဖွံ့ဖြိုးမှုနိမ့်ကျသော ထိုနိုင်ငံများ ကြွယ်ဝလာမည့် အလားအလာများရှိလာသည်။

တစ်ကမ္ဘာလုံးငြိမ်းချမ်းလျှင် ဤကမ္ဘာကြီး အေးချမ်းသာယာ ကြွယ်ဝချမ်းသာလာမည်ဖြစ်သည်။ ထိုအစီအစဉ်တွင် မြန်မာနိုင်ငံလည်း ပါဝင်သင့်နေပြီဖြစ်သည်။ တိုင်းရင်းသားနယ်မြေဒေသများတွင် လွတ်လွတ်လပ်လပ် သွားလာနိုင်ဖို့၊ အေးအေးချမ်းချမ်းနှင့် ပရိယေသန ဝမ်းစာရှာမှီးခွင့်ရနိုင်ဖို့၊ ဒေသဖွံ့ဖြိုးရေးနှင့် စီးပွားရေးအခွင့်အလမ်းများတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ရွေးချယ်ခွင့်ရနိုင်ဖို့ စသည့်အခြေအနေကောင်းများကို ပြည်သူများ မျှော်လင့်နေခဲ့သည်မှာ နှစ်ပေါင်း ၇၀ကျော်ပြီဖြစ်သည်။

ငြိမ်းချမ်းရေးကို လက်နက်ကိုင်ဖြေရှင်းခြင်းဖြင့် မရရှိနိုင်သည်ကို တစ်ကမ္ဘာလုံးက နားလည်လက်ခံလာကြသောကြောင့် ငြိမ်းချမ်းရေးကို အလျင်အမြန်ရယူလာကြသည်။ မြန်မာနိုင်ငံတွင်လည်း ငြိမ်းချမ်းရေးအတွက် လက်တွဲပူးပေါင်းဆောင်ရွက်ကြမည်ဟု စိတ်ပိုင်းဖြတ်ထားပြီးဖြစ်သည်။ ငြိမ်းချမ်းရေး ရှေ့ခရီးရောက်အောင် လျှောက်လှမ်းကြရာတွင် တစ်လှေတည်းစီး တစ်ခရီးတည်းသွားနေကြသည့် ညီအစ်ကိုအချင်းချင်း တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိဖို့၊ အပြန်အလှန်ရိုင်းပင်းကူညီကြဖို့ အရေးကြီးသည်။

ငြိမ်းချမ်းရေးခရီးသို့ ပန်းတိုင်တူ၊ လမ်းကြောင်းတူ လျှောက်လှမ်းရာတွင် တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသကဲ့သို့ အမြင်ကွဲပြားနေပါက အားလုံးမျှော်မှန်းထားသည့် ရည်မှန်းချက်နှင့် ဝေးကွာလာနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ အားလုံးမျှော်မှန်းထားသည့်ပန်းတိုင် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကိုဦးတည်ပြီး မငြိမ်းချမ်းမှုကို ဖယ်ရှားရမည်ဖြစ်သည်။ နားလည်မှု၊ ယုံကြည်မှု၊ ညှိနှိုင်းမှုများကို တည်ဆောက်ယူရမည်ဖြစ်သည်။

သို့ဖြစ်ရာ တစ်ကမ္ဘာလုံးငြိမ်းချမ်းမည့်အရေးတွင် ကမ္ဘာ့နိုင်ငံများ ပါဝင်လာကြချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာတွင်နောက်ဆုံး၌ မကျန်ရစ်အောင် လက်နက်ကိုင်ဖြေရှင်းနည်းများကို ဖယ်ရှား၍ ငြိမ်းချမ်းသောနည်းဖြင့် ခရီးဆက်စေလိုပါသည်။ မိမိဒေသ ကွက်ကွက်လေးသာ မရှုမြင်ဘဲ တစ်ကမ္ဘာလုံး ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် ပါဝင်နိုင်အောင် အားလုံး ပူးပေါင်းလက်တွဲ ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။







မြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသော

ကလေးစာပေပွဲတော်

ကလေးစာပေပြပွဲနှင့်စာအုပ်ရောင်းပွဲ

(စစ်ကိုင်းမြို့)

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ(၁၃၊ ၁၄)ရက်၊ (တနင်္ဂနွေ၊ တနင်္လာ) နေ့များတွင် နံနက် (၉) နာရီမှ ညနေ (၅) နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ စစ်ကိုင်းမြို့။


## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၇**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ မှ နေရာစိပ်စိပ် မိုးထစ်ချုန်း ရွာမည်။

**မိုး/ဇလ**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဆေးပညာရှင်ကြီးများနှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ဆေးတက္ကသိုလ် (၁) ရန်ကုန်တွင် ပြုလုပ်သည့် ခါတ်မှန်ပညာ၊ နှလုံးနှင့်သွေးကြောရောဂါဆေးပညာနှင့် ခွဲစိတ်ပညာ၊ စိတ်ကျန်းမာရေးပညာတို့မှ ဆေးပညာရှင်ကြီးများနှင့် တွေ့ဆုံညှိနှိုင်းမှု အစည်းအဝေးသို့ တက်ရောက်သည်။

### စုစည်းချိတ်ဆက်ကုသ

ပြည်ထောင်စုဝန်ကြီးက ကုသရေးကဏ္ဍကြီးတစ်ခုလုံး ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခါတ်မှန်ပညာ၊ ရောဂါဗေဒပညာရပ်အပါအဝင် ဆေးပညာရပ်များအားလုံးသည် သီးခြားဆောင်ရွက်ကုသမှုပေးရသည့် ပညာရပ်များမဟုတ်ဘဲ ပညာရပ်ဆိုင်ရာအမြင်များဖလှယ်ခြင်းဖြင့် စုစည်းချိတ်ဆက် ကုသမှုပေးရခြင်းသာဖြစ်ကြောင်း၊ လူနာတစ်ဦးချင်းစီ၏ ဖြစ်ပွားနေသော ရောဂါအမျိုးအစားနှင့် အခြေအနေတို့ကိုတိကျစွာသိရှိနိုင်စေရန်အတွက် ခါတ်ခွဲ၊ ခါတ်မှန်နှင့် ရောဂါဗေဒပညာရပ်တို့သည် အဓိကကျကြောင်း၊ ရောဂါရှာဖွေစမ်းသပ်မှုနှင့် ကုသမှုအထောက်အကူပြု ဆေးပစ္စည်းနှင့် စက်ကိရိယာများ၏ အရည်အသွေး ကောင်းမွန်မှန်ကန်ခြင်းသည်လည်း အဓိကကျသည်ဖြစ်၍ ဝန်ကြီးဌာနမှ အရည်အသွေးမြင့်မားပြီး တာရှည်ခံကာ ရင်းနှီးသုံးစွဲရသောဘဏ္ဍာငွေနှင့် ထိုက်တန်သည့် ကုသမှုအကျိုးကျေးဇူးများ ရရှိနိုင်သည့် ဆေးပစ္စည်းနှင့် စက်ကိရိယာများ ဝယ်ယူထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဆေးရုံကြီးများ၊ ခုတင် ၂၀၀ နှင့် ၁၀၀ ဆေးရုံများ၏ ကျန်းမာရေးဝန်ထမ်းအင်အား၊ ကျန်းမာရေးစောင့်ရှောက်ခြင်း လွှမ်းခြုံမှုပေးရသည့် လူဦးရေ၊ လူနာအရေအတွက်၊ ရောဂါဖြစ်ပွားမှုအမျိုးအစားနှင့် အရေအတွက် စသည့်အချက်များကို ခြုံငုံသုံးသပ်လျက်ရှိပြီး ဆေးရုံအလိုက် လိုအပ်ချက်နှင့်အညီ ကျိုးကြောင်းဆီလျော်စွာဖြင့် သာတူညီမျှဖြည့်ဆည်းပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာမှ ပညာရပ်ဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုများကိုလည်း မျက်ခြည်မပြတ်စေရေး ပိုမိုဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတကာမှ ပညာရှင်ကြီးများကို ဖိတ်ခေါ်၍ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများ ယခုထက် ပိုမိုပြုလုပ်သွားစေလိုပြီး ထိုသို့ ပြုလုပ်မည့် အစီအစဉ်များကိုလည်း နိုင်ငံတစ်ဝန်းလုံးရှိ ဆေးပညာရှင်များသိရှိပါဝင်နိုင်စေရေး ဝန်ကြီးဌာနမှ ဖြန့်ဝေပေးလျက်ရှိသော Mobile Tablet များမှတစ်ဆင့် သတင်းဖြန့်ဝေကြေညာပေးရမည် ဖြစ်ကြောင်း။

### ပံ့ပိုးဆောင်ရွက်ပေးမည်

ခါတ်မှန်ပညာရပ်ဆိုင်ရာ စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေး စွမ်းရည်မြှင့်သင်တန်းများပြုလုပ်ရာတွင် ဆေးတက္ကသိုလ်များရှိ ဆေးပညာသင်ကြားမှုဌာန (Medical Education Unit) များ၊ မြန်မာနိုင်ငံ ဆေးပညာရှင်အသင်းနှင့် ခါတ်မှန်ပညာရှင်များအသင်းတို့၏ အကူအညီရယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ခါတ်ရောင်ခြည်ဘေးအန္တရာယ်အပါအဝင် လုပ်ငန်းခွင်ဘေးကင်းစေရေးအတွက်ကိုလည်း အထူးအလေးထား ဆောင်ရွက်သွားရမည်ဖြစ်ပြီး ဝန်ကြီးဌာနမှလည်း လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ခါတ်မှန်ပညာဆိုင်ရာ အထူးအကြံပေးပညာရှင် ပါမောက္ခဒေါက်တာ တင့်လွင်က ခါတ်မှန်ပညာ ဘွဲ့လွန်သင်တန်း သင်ရိုးညွှန်းတမ်းနှင့်ပတ်သက်၍ အကြံပြုချက်များ၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ ခါတ်မှန်ပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာ ခင်လေးစုက ခါတ်မှန်ပညာရပ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လက်ရှိအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်၊ နှလုံးနှင့် သွေးကြောခွဲစိတ်ကုသမှုဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာ ဝင်းဝင်းကျော်၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ နှလုံးဆေးကုဌာနမှ ပါမောက္ခ/ ဌာနမှူး ပါမောက္ခဒေါက်တာ နွယ်နွယ်နှင့် ဆေးတက္ကသိုလ် (၂) ရန်ကုန်၊ နှလုံးဆေးကုဌာနမှ ပါမောက္ခ/ ဌာနမှူး ပါမောက္ခဒေါက်တာ မြင့်စိုးဝင်းတို့က နှလုံးနှင့် သွေးကြောကုသမှုပညာရပ်ဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (မူကြမ်း) တွင် ပါဝင်သော ရန်ကုန်နှင့် မန္တလေးတို့တွင် Center of Excellence များတည်ထောင်သွားရန်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်တွင် ပြည်သူလူထုအခြေပြု နှလုံးနှင့်သွေးကြောရောဂါကာကွယ်ကုသရေးလုပ်ငန်းများကို အဆင့်လိုက်၊ အပိုင်းလိုက် ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ စိတ်ကျန်းမာရေးပညာဌာနမှ ပါမောက္ခ/ ဌာနမှူး ပါမောက္ခဒေါက်တာတင်ဦးက စိတ်ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြရာ ပါမောက္ခ/ ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ ပညာရှင်များက ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြသည်။

### ဖြည့်ဆည်းပေးမည်

ယင်းနောက် တင်ပြဆွေးနွေးချက်များနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက လမ်းညွှန်မှာကြားရာတွင် ဆေးပညာဘာသာရပ်အသီးသီးအတွက် ပညာရပ်ဖွံ့ဖြိုးတိုးတက်မှုကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယခုနှစ်အတွင်း တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဆေးရုံကြီးများတွင် ပထမအဆင့်အနေဖြင့် အထူးကုဆရာဝန်ကြီး (ဆေးပညာ) များဦးဆောင်၍ နှလုံးရောဂါ အထူးကြပ်မတ်ကုသဆောင် (Coronary Care Unit - CCU) များ အမြန်ဆုံးဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ ဆေးတက္ကသိုလ်များရှိ သင်ကြားရေးဆေးရုံကြီးများတွင် စိတ်ကျန်းမာရေး ကုသမှုဌာနခွဲများ ဖွင့်လှစ်ထားရှိရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ စိတ်ကျန်းမာရေးပြဿနာ အမျိုးအစားနှင့် ပမာဏကိုသိရှိနိုင်ရန် စိတ်ကျန်းမာရေး အခြေအနေ သုတေသနစစ်တမ်းတစ်ခုကိုလည်း ကောက်ယူသွားရန်နှင့် လိုအပ်သော ထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇန်နဝါရီ ၇**

ရန်ကုန်(ရွှေဈေး) ၁၀၄၉၀၀၀ - ၁၀၄၉၀၀၀    မန္တလေး(ရွှေဈေး) ၁၀၄၉၀၀၀ - ၁၀၄၉၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | | မန္တလေး | |
|---|---|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၈၅/၈၀၀ | ကျပ် | ၈၀၀/၉၁၀ | ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၉၅/၇၁၀ | ကျပ် | ၇၅၀/၈၂၅ | ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၆၅/၆၇၅ | ကျပ် | ၆၈၅/၇၄၅ | ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၉၀/၈၁၀ | ကျပ် | ၈၁၅/၉၀၀ | ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၉၀/၈၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၉၉/၉၀၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၂၀/၇၀၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၄၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၅၇. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၄. ၁၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈. ၁၇၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၃. ၅၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၂. ၁၄၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၁၉. ၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၇. ၇၁ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၉၆. ၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၃၃. ၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm


ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်

**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၄၆၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၉၉၄၅၇

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပီရူးသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## မြန်မာ-ပီရူး နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ခိုင်မာရေးအပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ပီရူးသံအမတ်ကြီး H.E. Mr. Fernando Quiros Campos အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ပီရူး နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ခိုင်မာရေး၊ ပြည်သူအချင်းချင်း ဆက်ဆံရေး တိုးမြှင့်သွားရန်နှင့် အားကစား၊ စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်း၊ မူးယစ်ဆေးဝါး၊ တရားမဝင် ကုန်သွယ်မှုတားဆီးရေးနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပီရူးသံအမတ်ကြီး H.E. Mr. Fernando Quiros Campos အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

# အရှေ့တောင်အာရှ မူလတန်းပညာသင်ယူတတ်မြောက်မှု အကဲဖြတ်စစ်ဆေးရေးဆိုင်ရာ ကြီးကြပ်ရေးမှူးနှင့် ကျောင်းညှိနှိုင်းရေးမှူး သင်တန်းဖွင့်



**နေပြည်တော် ဇန်နဝါရီ ၇**

အရှေ့တောင်အာရှ မူလတန်းပညာသင်ယူတတ်မြောက်မှု အကဲဖြတ်စစ်ဆေးရေး (South-East Asia Primary Learning Metrics-SEA-PLM) ဆိုင်ရာကြီးကြပ်ရေးမှူးများ (Test Administrators)နှင့် ကျောင်းညှိနှိုင်းရေးမှူးများ (School Coordinators) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်၈နာရီတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ် Grand Ballroom ခန်းမ၌ ကျင်းပသည်။

**အဓိပ္ပာယ်ပြည့်ဝသော သင်ယူမှုရလဒ်**

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် အရှေ့တောင်အာရှဒေသတွင်း မူလတန်းပညာရေးအဆင့် လေ့လာသင်ယူမှုအား သုတေသနပြုလုပ် စစ်ဆေးအကဲဖြတ်ရာတွင် တာဝန်ယူဆောင်ရွက်ကြမည့် ကြီးကြပ်ရေးမှူးများ၊ ကျောင်းညှိနှိုင်းရေးမှူးများအတွက် ဖွင့်လှစ်သည့်သင်တန်းဖြစ်ပါကြောင်း၊ ယခုဆောင်ရွက်မည့် သုတေသနလုပ်ငန်းသည် အာဆီယံဒေသတွင်းရှိ Grade-5 အဆင့် ကျောင်းသားလူငယ်များအား စစ်ဆေးအကဲဖြတ်သည့် "စံ"တစ်ခုဖြင့် လေ့လာဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ စစ်ဆေးအကဲဖြတ်လေ့လာတွေ့ရှိချက်များကို အစီရင်ခံစာများရေးသားပြုစု၍ ပညာရေးဆိုင်ရာမူဝါဒချမှတ်သူထံ တင်ပြသွားခြင်းဖြင့် အဓိပ္ပာယ်ပြည့်ဝသော သင်ယူမှုရလဒ်များရရှိအောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း။

**ပထမဦးဆုံးစစ်ဆေးမည့်နိုင်ငံ**

၂၀၁၉ ခုနှစ်အတွင်း SEA-PLM ပုံမှန်စစ်ဆေးလေ့လာမှု (Main Survey) ကို အာဆီယံနိုင်ငံ ခုနစ်နိုင်ငံတွင် ပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ပထမဦးဆုံးစစ်ဆေးမည့်နိုင်ငံဖြစ်ပါကြောင်း၊ အရေးစွမ်းရည်၊ အဖတ်စွမ်းရည်၊ သင်္ချာစွမ်းရည်နှင့် လူသားကောင်းဖြစ်မှု စသော နယ်ပယ်များကို လေးနှစ်တစ်ကြိမ် ပုံမှန်စစ်ဆေးအကဲဖြတ်သွားမည်ဖြစ်ပါကြောင်း၊ ဆီမီယို (SEAMEO)၊ ယူနီဆက် အရှေ့အာရှဒေသဆိုင်ရာ ရုံး(UNICEF-EAPRO) တို့က ငွေကြေးအထောက်အပံ့ပေးပြီး ဩစတြေးလျနိုင်ငံ ပညာရေးသုတေသနကောင်စီ(Australian Council for Educational Research-ACER) က နည်းပညာပံ့ပိုးပေးမှုများဖြင့် နိုင်ငံတကာအဆင့်မီ ပညာရည်စစ်ဆေးအကဲဖြတ်စံတစ်ခုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုပြုလုပ်သောလေ့လာစစ်ဆေးအကဲဖြတ်မှုတွင် ထူးခြားမှုအနေဖြင့် လူသားကောင်းဖြစ်မှုနယ်ပယ်အား ထည့်သွင်းစစ်ဆေးထားသည်ကို တွေ့ရပါကြောင်း၊ ကမ္ဘာပေါ်တွင် အရေးစွမ်းရည်စစ်မေးသည့် ပထမဦးဆုံးစစ်ဆေးမှုဖြစ်ပြီး ဆီမီယိုအဖွဲ့ဝင်နိုင်ငံများအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်း၏ ရလဒ်လည်းဖြစ်ပါကြောင်း၊ သက်ဆိုင်ရာအစိုးရများနှင့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များကို စွမ်းဆောင်ရည်မြှင့်တင် သင်တန်းများပေး၍ အဖွဲ့ဝင်နိုင်ငံအသီးသီးရှိ ပညာရေးစနစ်တွင် ထည့်သွင်းဆောင်ရွက်ရန် ရည်ရွယ်ပါကြောင်း။

ယခုဆောင်ရွက်မည့် ပုံမှန်စစ်ဆေးအကဲဖြတ်မှု (SEA-PLM Main Survey) ကို ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ရွေးချယ်ထားသော ကျောင်းပေါင်း ၂၀၂ ကျောင်းမှ ကျောင်းသား ကျောင်းသူပေါင်း ၅၈၅၃ ဦးကို စစ်ဆေးအကဲဖြတ်သွားမည်ဖြစ်ပါကြောင်း၊ ယင်းအပြင် မိဘ ၅၈၅၃ ဦး၊ Grade-5 သင်ကြားသည့် ဆရာ ဆရာမ ၄၄၁ ဦး၊ ကျောင်းအုပ်ကြီး ၂၀၂ ဦးကိုလည်း စစ်တမ်းမေးခွန်းလွှာများကို ဖြည့်သွင်းစေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ မူလတန်းပညာရေးသင်ယူတတ်မြောက်မှု တိုင်းတာစစ်ဆေးရေး (SEA-PLM) လုပ်ငန်းအောင်မြင်ရေးအတွက် အားလုံးညီညီညွတ်ညွတ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အရည်အသွေးရှိသော ပညာရေးကို ဖော်ဆောင်ပေးကြရန် တိုက်တွန်းပါကြောင်း စသည်ဖြင့်ပြောကြားသည်။

ထို့နောက်ယူနီဆက်ရုံးမှ ဒုတိယဌာနေကိုယ်စားလှယ် Paul Edwards က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ယင်းနောက် အခမ်းအနားကို သင်တန်းအစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ယူနီဆက် ဒုတိယဌာနေကိုယ်စားလှယ် Paul Edwards၊ Education Section Chief MitsueUemura၊ Australian Council for Educational Research (ACER) မှ Research Fellow Dr.Jacqueline Cheng၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများ၊ ကျောင်းညှိနှိုင်းရေးမှူး ဆောင်ရွက်မည့် ကျောင်းအုပ်ကြီးများ၊ ကြီးကြပ်ရေးမှူး ဆောင်ရွက်မည့် ဆရာဆရာမများ၊ SEA-PLM ၏ဦးစီးကော်မတီဝင်များ၊ နည်းပညာပံ့ပိုးမှုအဖွဲ့ဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

သင်တန်းအား ဇန်နဝါရီ ၇ ရက်မှ ၉ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းတွင် စစ်ဆေးအကဲဖြတ်မည့် ၂၀၂ ကျောင်းမှ ကျောင်းအုပ်ကြီးများက ကျောင်းညှိနှိုင်းရေးမှူးများအဖြစ် လည်းကောင်း၊ စစ်ဆေးမည့်ကျောင်းနှင့်တစ်မြို့နယ်တည်းရှိ အခြားကျောင်းများမှ ဆရာ ဆရာမ ၂၈၂ ဦးက ကြီးကြပ်ရေးမှူးအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်ရန် သင်တန်းတက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

**❒ အောင်လအန်ဆန်မှ**

ချန်ပီယံခါးပတ်ကို ကာကွယ်ရန် စင်ကာပူနိုင်ငံသူ ONE အမျိုးသမီး အက်တမ်ဝိတ် ကမ္ဘာ့ချန်ပီယံ "Unstoppable" Angela Lee နှင့် ယှဉ်ပြိုင်ထိုးသတ်သွားမည် ဖြစ်ကြောင်း သိရသည်။

ONE မစ်ဒယ်ဝိတ်နှင့် လိုက်ဟဲဗီးဝိတ် ကမ္ဘာ့ချန်ပီယံခါးပတ်ကို ပိုင်ဆိုင်ထားသော "မြန်မာ့စပါးအုံး" အောင်လအန်ဆန်သည် မြန်မာနိုင်ငံ၏ ထင်ပေါ်ကျော်ကြားဆုံးသော အားကစားသမားတစ်ဦးဖြစ်သည်။ ၂၀၁၈ ဇွန်လတွင် ဂျပန်ကစားသမား ဟာဆဲဂါဝါနှင့် ထိပ်တိုက်တွေ့ခဲ့သော ပွဲစဉ်တွင် ငါးချီမြောက်အထိ ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး အောင်လအန်ဆန်အနေဖြင့် နောက်ဆုံးအချိန်အထိ ပွဲကြီးပွဲကောင်း ယှဉ်ပြိုင်ထိုးသတ်ကာ အနိုင်ယူနိုင်ခဲ့သော ပွဲစဉ်တစ်ခုလည်းဖြစ်သည်။

ယင်းပွဲစဉ်အား "ONE Championship သမိုင်းတွင် အကောင်းဆုံးပြိုင်ပွဲ" အဖြစ် သတ်မှတ်ထားခြင်းခံရပြီး မရပ်မနားယှဉ်ပြိုင်ကာ အဆုံးသတ်လုပခဲ့ခြင်းကြောင့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ကိုယ်ခံပညာ သိုင်းပေါင်းစုံ ဆုပေးပွဲတွင် "တစ်နှစ်တာအတွက် အကောင်းဆုံးတွဲဆိုင်း"ဆု ကိုလည်း ချီးမြှင့်ခြင်းခံခဲ့ရသည်။ အောင်လအန်ဆန်နှင့် ဟာဆဲဂါဝါတို့သည် ONE: A NEW ERA တွင် တစ်ဖန်ပြန်လည်ကာ သူတစ်ပြန်ကိုယ်တစ်ပြန် အကောင်းဆုံး ယှဉ်ပြိုင်ထိုးသတ်ခြင်း ဖြစ်သည်။

ယင်းအပြင် နောက်ထပ်ပါဝင်မည့်တွဲဆိုင်းများမှာ ONE Championship ၏ ကစားသမားအသစ်ဖြစ်သည့် Demetrious "Mighty Mouse" Johson နှင့် Eddie "The Underground King" Alvarez တို့ ဖြစ်ကြသည်။ ထို့အပြင် ONE Championship သည် ONE Flyweight World Grand Prix ပွဲစဉ်အတွက်လည်း စိတ်ဝင်စားဖွယ်ကောင်းသည့် တွဲဆိုင်းများဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇာနည်မောင်၊ အေးမင်းသူ**

# မြန်မာ-တရုတ် ကျိန်စမ်းကျော့ နယ်စပ်ဂိတ်ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၇**

မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ကျိန်စမ်းကျော့ နယ်စပ်ဂိတ်ပေါက်ဖွင့်လှစ်နိုင်ရေးကိစ္စနှင့်ပတ်သက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



### နယ်စပ်ကုန်သွယ်မှုပမာဏ အများဆုံးဖြစ်

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မြန်မာနိုင်ငံအနေဖြင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် အိမ်နီးချင်းငါးနိုင်ငံနှင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှု ဆောင်ရွက်လျက်ရှိရာတွင် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုသည် ပမာဏ အများဆုံးဖြစ်ပြီး ကုန်သွယ်မှုတိုးတက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ကုန်သွယ်မှု တိုးတက်လာရခြင်းမှာ နှစ်နိုင်ငံအစိုးရနှင့် သက်ဆိုင်ရာဌာနများ၊ ကုန်သည် လုပ်ငန်းရှင်များအကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုများအပြင် နှစ်နိုင်ငံအကြား ကုန်စည်ပြပွဲများနှင့် ကုန်သွယ်မှုဆိုင်ရာ ဆွေးနွေးပွဲများကို ရင်းနှီးပွင့်လင်းစွာ ကျင်းပနိုင်ခြင်းတို့ကြောင့် ဖြစ်ပါကြောင်း။

နှစ်နိုင်ငံအကြား နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ် ဖြတ်ကျော် ကုန်သွယ်ရေးကို အလေးထားဆောင်ရွက်ရာတွင် နယ်စပ်နေပြည်သူ များ အကျိုးစီးပွားဖြစ်ထွန်းရေး၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေ ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးတို့ကို မျှော်မှန်းဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ နှစ်နိုင်ငံကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ကုန်စည်များ တိုးမြှင့်တင်ပို့နိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ မိမိတို့ဌာနဆိုင်ရာ များအပိုင်းမှလည်း ကုန်သွယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် ကောင်းမွန်သင့်မြတ်သောနည်းလမ်းများ ရှာဖွေပံ့ပိုးပေးသွားပါက နှစ်နိုင်ငံ ကုန်သွယ်မှု ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ လက်ရှိ ဖရဲ၊ သခွားထွက် ပေါ်သည့် ရာသီကာလတွင် ကားလမ်းပိတ်ဆို့မှုများဖြစ်ပေါ်နေပြီး ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် ဆောင်ရွက်သင့်သည်များအား နှစ်နိုင်ငံ ဆွေးနွေးညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးရန် လိုအပ်ကြောင်း။

ကျိန်စမ်းကျော့နယ်စပ်ဂိတ်ကို နှစ်နိုင်ငံညှိနှိုင်း၍ သတ်မှတ်ချက်နှင့်အညီ တရားဝင်ပုံမှန်ဂိတ်ဖြစ်စေရေး ဆောင်ရွက်ခြင်းဖြင့် ယာဉ်ကြောပိတ်ဆို့မှုများ လျော့နည်းလာမည်ဖြစ်ပြီး ကုန်သွယ်မှုလျင်မြန်ချောမွေ့လာမည် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်နေသဖြင့် မိမိနိုင်ငံဘက်မှ စိုက်ပျိုးသူ တောင်သူများ ထိခိုက်နစ်နာသကဲ့သို့ ယူနန်ပြည်နယ်ကုန်သည်များဘက်တွင် လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံညှိနှိုင်း ပေါင်းစပ်ဖြေရှင်းခြင်းဖြင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း နှင့် ရေရှည်တွင် ကုန်သွယ်မှုတိုးတက်စေရေးနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့ စေရေးအတွက် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

### စတင်ဆောင်ရွက်

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးအောင်ထူးက ကျိန်စမ်းကျော့ (မန်းမန်-နွမ်းရင်) ဂိတ်ဖွင့်လှစ်နိုင်ရေး စတင်ဆောင်ရွက်ခဲ့မှုနှင့် မြန်မာ-တရုတ် ကုန်သွယ်မှုဆောင်ရွက်နေမှု အခြေ အနေတို့ကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး Mrs. Li Xiaoyan က တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ ကုန်သွယ် မှု လျင်မြန်ချောမွေ့စေရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ ကျိန်စမ်းကျော့ဂိတ် တရားဝင်ဖွင့်လှစ်နိုင်ရေးအတွက် တရုတ်နိုင်ငံဘက်မှ ပူးပေါင်းဆောင်ရွက်ပေးမည့် အခြေအနေများ၊ လတ်တလော ယာဉ်ကြော ပိတ်ဆို့မှုအတွက် နယ်စပ်ဝင်ထွက်ဂိတ်များတွင် ဝင်ထွက်နေမှုများ စစ်ဆေးချိန် ပိုမိုရရှိရေး၊ စစ်ဆေးသည့် ဝန်ထမ်းများ ပိုမိုထားရှိပေးနိုင်မည့် အခြေအနေများ၊ ကုန်သွယ်မှုလွယ်ကူလျင်မြန်ချောမွေ့စေရေးနှင့် နှစ်နိုင်ငံပြည်သူများ အကျိုး ဖြစ်ထွန်းစေရေးတို့အတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးမည့် အခြေအနေများ ကို ရှင်းလင်းဆွေးနွေးသည်။

### ညှိနှိုင်းဆောင်ရွက်ပေးသွားမည်

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးသံမှူးက နှစ်နိုင်ငံ ကုန်စည်စီးဆင်းမှု မြန်ဆန်လွယ်ကူစေရေးအတွက် နှစ်နိုင်ငံညှိနှိုင်းပြီး နယ်စပ် ကုန်သွယ်ရေးဂိတ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေးစီစဉ်ဆောင်ရွက်သွားမည်ဖြစ် ကြောင်းနှင့် ကျိန်စမ်းကျော့ဂိတ်အား အမြန်ဆုံးဖွင့်လှစ်နိုင်ရေးအတွက် လိုအပ် သည်များ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေး သည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် တက်ရောက်လာသည့်ဌာနများမှ တာဝန်ရှိသူများက ဌာနအလိုက်ဆောင်ရွက် နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**သတင်းစဉ်**



## လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့ မြန်မာနိုင်ငံသို့ ပဉ္စမအကြိမ်ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၇**

လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးဟောင်း ကုလသမဂ္ဂ CEDAW ကော်မတီ၏ ဥက္ကဋ္ဌဟောင်းနှင့် လက်ရှိအဖွဲ့ဝင်ဖြစ်သူသံအမတ်ကြီး ရိုဆာရီယိုမယ်နာလို နှင့် ကော်မရှင်အဖွဲ့ဝင် လူသားချင်းစာနာထောက်ထားမှု ကိစ္စရပ်များဆိုင်ရာ ကုလသမဂ္ဂ ဒုတိယအတွင်းရေး မှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးညှိနှိုင်းရေးမှူး ဟောင်း ကုလသမဂ္ဂဆိုင်ရာ ဂျပန်အမြဲတမ်းကိုယ်စားလှယ် ဟောင်း သံအမတ်ကြီး ကင်ဇိုအိုရှိမားတို့သည် ယနေ့ ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပဉ္စမ အကြိမ် သီးခြားစီ ရောက်ရှိလာကြသည်။

လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် ဥက္ကဋ္ဌ အား နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးနှင့် တာဝန်ရှိ သူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆို နှုတ်ဆက်ကြသည်။

နိုင်ငံတော်အစိုးရသည် လွတ်လပ်သောစုံစမ်း စစ်ဆေးရေးကော်မရှင်ကို ရခိုင်ပြည်နယ်တွင် ပြန်လည် သင့်မြတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားအစီအစဉ် တစ်ရပ်အနေဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ **သတင်းစဉ်**

## မကွေးတိုင်းဒေသကြီးအတွင်း လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးစိုးအောင် ဆောင်ရွက်

**မကွေး ဇန်နဝါရီ ၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့်အဖွဲ့သည် ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းတွင် မကွေးမြို့နယ် မယ်လှတောင် ကျေးရွာအုပ်စု မြင်းကင်းကျေးရွာ၌ လူမှုကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ရန် သွားရောက်ခဲ့သည်။

လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ ဖြစ်သော မသန်စွမ်းသူများအား ထောက်ပံ့ခြင်း၊ သက်ကြီး ရွယ်အိုများအား လစဉ်လူမှုရေးပင်စင်ထောက်ပံ့ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား ထောက်ပံ့ခြင်း၊ ခြောက်လ အောက် ကလေးငယ်နှင့် မိခင်များအား ထောက်ပံ့ခြင်း၊ အမျိုးသမီးဦးဆောင်မိသားစုများအား ထောက်ပံ့ခြင်း၊ မကွေးမြို့နယ်အတွင်းရှိ အရပ်ဘက်လူမှုရေးအဖွဲ့အစည်း များအား ထောက်ပံ့ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်းနှင့် မိမိဝန်ကြီးဌာနအောက်ရှိဝန်ထမ်းများအား တွေ့ဆုံပြီး လုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ကြိုးစားကြရန်နှင့် ဝန်ထမ်းများ၏ တင်ပြချက်နှင့် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**



### ❖ မြန်မာဘောလုံးအသင်းမှ

ယူ-၁၉ အသင်းနှင့် ယူ-၁၆ အသင်းတို့မှာ စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ် လျက်ရှိပြီး လက်ရွေးစင်အသင်းကိုမူ နည်းပြသစ်ခန့်အပ်ပြီးမှ လေ့ကျင့်ပြင်ဆင် မည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဘယ်လ်ဂျီယံနိုင်ငံသား အဲရစ်အာဗရန်ကို နည်းစနစ်ဒါရိုက်တာအဖြစ် ခန့်အပ်ထားပြီး ၎င်း၏ စီမံမှု များဖြင့် လေးနှစ်စီမံကိန်းများ ချမှတ်ဆောင်ရွက်မည်ဖြစ်သည်။

၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ လေးနှစ်စီမံကိန်းများ ချမှတ် ဆောင်ရွက်မည်ဖြစ်ပြီး ဇန်နဝါရီ ၁၆ ရက်တွင် ပြုလုပ်မည့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် သတင်းစာရှင်းလင်းပွဲတွင် စီစဉ်ဆောင်ရွက်ထားမှုများ ကို ရှင်းလင်းပြောကြားမည် ဖြစ်သည်။

#### ယှဉ်ပြိုင်ရမည်

ယခုနှစ်တွင် မြန်မာ ယူ-၂၂ အမျိုးသားအသင်းက အာဆီယံ ယူ-၂၂ ပြိုင်ပွဲ၊ အာရှ ယူ-၂၃ ခြေစစ်ပွဲ၊ ဆီးဂိမ်းပြိုင်ပွဲ၊ ယူ-၁၈ အမျိုးသားအသင်းက အာဆီယံ ယူ-၁၈ ပြိုင်ပွဲ၊ အာရှ ယူ-၁၉ ခြေစစ်ပွဲ၊ ဟောင်ကောင်ဖိတ်ခေါ်ပြိုင်ပွဲ၊ ယူ-၁၅ အမျိုးသားအသင်းက အာဆီယံ ယူ-၁၅ ပြိုင်ပွဲနှင့် အာရှ ယူ-၁၆ ခြေစစ်ပွဲ၊ လက်ရွေးစင်အမျိုးသမီးအသင်းက တိုကျိုအိုလံပစ် အမျိုးသမီး ခြေစစ်ပွဲ၊ အာဆီယံအမျိုးသမီးပြိုင်ပွဲနှင့် ဆီးဂိမ်းပြိုင်ပွဲ၊ ယူ-၁၉ အမျိုးသမီး အသင်းက အာရှ ယူ-၁၉ ခြေစစ်ပွဲ ဒုတိယအဆင့်၊ ယူ-၁၆ အမျိုးသမီးအသင်း က အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့်နှင့် အခြားဖိတ်ခေါ် ပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**




ဒုတိယဝန်ကြီး ဦးခင်မောင်တင် အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ အမှတ်(၃)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ ကျဆုံး/ဒဏ်ရာရ ရဲတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေများပေးအပ်စဉ်။



ဒုတိယဝန်ကြီး ဦးခင်မောင်တင် AA သောင်းကျန်းသူအဖွဲ့၏ တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ထောက်ပံ့ငွေများ ပေးအပ်စဉ်။

**❂ ဘူးသီးတောင်မြို့နယ်မှ**

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဆွေက ပေးအပ်လှူဒါန်းသည့် ထောက်ပံ့ငွေများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးအောင်ဝင်းဦးက ကိုယ်စားပေးအပ်ရာ ထောက်ပံ့မှုများနှင့် ပတ်သက်၍ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး အဖွဲ့မှူး ရဲမှူးချုပ်မြင့်တိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ရဲမှူးချုပ်မြင့်တိုးက သတင်းမီဒီယာအဖွဲ့များနှင့်တွေ့ဆုံကာ ဘူးသီးတောင်မြို့နယ်အတွင်းရှိ နယ်ခြားစောင့်ရဲကင်းစခန်းများ တိုက်ခိုက်ခံရမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

**ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်**

ထို့နောက် ဒုတိယဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ ဝင်ရောက်တိုက်ခိုက်မှုခံခဲ့ရသည့် စခန်းများအနက် ခထီးလှုရဲကင်းစခန်းနှင့် ဂုပ္ပိရဲကင်းစခန်းများသို့ တပ်မတော်ရဟတ်ယာဉ်များဖြင့် သွားရောက်၍ ပျက်စီးဆုံးရှုံးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကာ တာဝန်ထမ်းဆောင်လျက်ရှိသော ရဲကင်းစခန်းများရှိ ရဲတပ်ဖွဲ့ဝင်များအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အမှတ်(၃) နယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲ တပ်ရင်းရုံး၌ ကျင်းပသည့် ကျဆုံးခဲ့သည့် တပ်ဖွဲ့ဝင်များ၏ မိသားစုများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့တက်ရောက်ပြီး တပ်ဖွဲ့ဝင်များ၏ နိုင်ငံတော်ကာကွယ်ရေး တာဝန်ကို ရှုပ်ရှုပ်ချုံချုံအသက်ပေး ထမ်းဆောင်ခဲ့မှုအပေါ် နိုင်ငံတော်အစိုးရကိုယ်စား လေးစားဂုဏ်ပြုပါကြောင်း၊ ကျဆုံးသူတပ်ဖွဲ့ဝင် မိသားစုများနှင့် ထပ်တူဝမ်းနည်းပါကြောင်း ပြောကြားပြီး မိသားစုများနှင့် တွေ့ဆုံ၍ နှစ်သိမ့်အားပေးစကားပြောကြားသည်။

**ပြန်လည်သုံးသပ်**

ယခုခရီးစဉ်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် လာရောက်ခြင်းဖြစ်ပြီး ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် နေရာများ အပါအဝင် အလားတူဖြစ်စဉ်မျိုး နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် လုံခြုံရေးဆိုင်ရာ အစီအမံများ ပြန်လည်သုံးသပ်နိုင်ရန်နှင့် ဖြစ်စဉ်တွင် ကျဆုံး၊ ထိခိုက်ဒဏ်ရာရ တပ်ဖွဲ့ဝင်များ အပါအဝင် ယင်းဒေသတွင် တာဝန်ထမ်းဆောင်နေသည့် ရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား လိုအပ်သည့် လူမှုရေး အထောက်အပံ့များပေးအပ်ရန် သွားရောက်ခြင်းဖြစ်ကြောင်း သိရသည်။

ခရီးစဉ်တွင် ဒုတိယဝန်ကြီးနှင့်အတူ အဖွဲ့ဝင်များအဖြစ် ရခိုင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဇော်သန်းသင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးအောင်ဝင်းဦး၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်၊



ခထီးလှုရဲကင်းစခန်း၌ သတင်းမီဒီယာများ သတင်းရယူနေစဉ်။

ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးညီညီမင်း အပါအဝင် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများ လိုက်ပါခဲ့ကြသည်။

ထို့အပြင် ခရီးစဉ်တစ်လျှောက် ဒီဗွီဘီ၊ ဗွီအိုအေ၊ အာရ်အက်ဖ်အေ၊ မဇ္ဈိမ၊ ဧရာဝတီသတင်းဌာနများ အပါအဝင် ပုဂ္ဂလိက သတင်းမီဒီယာများလည်း အတူလိုက်ပါ သတင်းရယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဘူးသီးတောင်မြို့နယ်၌ တာဝန်ထမ်းဆောင်စဉ် ကျဆုံးသွားခဲ့သည့်တပ်ဖွဲ့ဝင်များ၏ မိသားစုများအား ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၇**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ ဇန်နဝါရီ ၄ ရက်တွင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး တာဝန်ထမ်းဆောင်စဉ် AA သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ကျဆုံးသွားခဲ့သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၃) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ၏ မိသားစုနေအိမ်များသို့ သက်ဆိုင်ရာရဲတပ်ဖွဲ့များက သွားရောက်ကြည့်ရှုနှစ်သိမ့်အားပေးစကားများ ပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ငွေများအား သွားရောက်ပေးအပ်သည်။

ဇန်နဝါရီ ၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်ရွှင် ဦးစီးသည့် တပ်ဖွဲ့ဝင်များက ကသာခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ရဲတပ်ကြပ် မန်လျှံဇမ်း၏ ကျန်ရစ်သူမိသားစုနှင့်တွေ့ဆုံကာ နှစ်သိမ့်အားပေးစကားများပြောကြားပြီး ဇနီးဖြစ်သူ ဒေါ်ပြည့်ပြည့်ဖြိုးထံသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ငွေကျပ် ၁၀ သိန်းနှင့် ကသာခရိုင်ရဲတပ်ဖွဲ့က ထောက်ပံ့ငွေကျပ် နှစ်သိန်းတို့အားလည်းကောင်း။



ရဲတပ်ကြပ် မန်လျှံဇမ်း၏ ကျန်ရစ်သူမိသားစုအား ထောက်ပံ့ငွေများ ပေးအပ်စဉ်။

စစ်တွေခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မင်းဇော် ဦးစီးသည့်အဖွဲ့က စစ်တွေမြို့နယ် ချီလည်ပင်းကျေးရွာသို့ သွားရောက်၍ ရဲဒုတပ်ကြပ် အောင်ဌေး၏ ကျန်ရစ်သူမိသားစုနှင့်တွေ့ဆုံကာ နှစ်သိမ့်အားပေးစကားများ ပြောကြားပြီး ဦးလေးဖြစ်သူ ဦးကြာစိန်ထွန်းထံသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ငွေကျပ် ၁၀ သိန်းအား လည်းကောင်း။

ဇန်နဝါရီ ၆ ရက်တွင် ချင်းပြည်နယ် တွန်းဇံခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြသောင်း ဦးစီးသည့် တပ်ဖွဲ့ဝင်များက ရဲတပ်သား ဂိုးခန့်ပေါင်၏ ကျန်ရစ်သူမိသားစုအား ကျီးခါးမြို့၌ သွားရောက်တွေ့ဆုံ၍ နှစ်သိမ့်အားပေးစကားများပြောကြားပြီး ဖခင်ဖြစ်သူ ဦးခမ်းခန့်ဒိုးထံသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ငွေကျပ် ၁၀ သိန်းနှင့် တွန်းဇံ မြို့နယ်ရဲတပ်ဖွဲ့မှ ငွေကျပ် နှစ်သိန်းတို့အားလည်းကောင်း သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



ရဲတပ်သား ဂိုးခန့်ပေါင်၏ ကျန်ရစ်သူမိသားစုအား ထောက်ပံ့ငွေများ ပေးအပ်စဉ်။

**ရဲပြန်ကြား**

**သတင်းပဒေသာ သိမှတ်ဖွယ်ရာ**

## တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၇**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ကြီးမှူး၍ ၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၂၁ အမျိုးသားဘောလုံးပြိုင်ပွဲများကို နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲများ၏ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၉ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲများ ကျင်းပစဉ်အတွင်း အားကစားဝါသနာရှင်များ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **မောင်မောင်မျိုး**

## မဲစာရင်းပြုစုခြင်းသင်တန်း နေပြည်တော်၌ ဖွင့်လှစ်မည်

**နေပြည်တော် ဇန်နဝါရီ ၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် International Foundation For Electoral Systems (IFES)တို့ ပူးပေါင်း၍ မဲစာရင်းပြုစုခြင်းသင်တန်းကို နေပြည်တော်၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်မျိုး**

## ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၇**

ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန (ရုံးအမှတ်-၂)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို Chief Information Officer (CIO)များ၏ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ စွမ်းဆောင်ရည်များ မြင့်မားလာစေရန် ရည်ရွယ်၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ ပြည်ထဲရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတို့က ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မောင်မောင်မျိုး**

## ဖူဆယ်လိဂ်ပြိုင်ပွဲ ယနေ့ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် ၂၀၁၈-၂၀၁၉ ရာသီ MFF Myanmar ဖူဆယ်လိဂ်ပြိုင်ပွဲကို ခေတ္တရပ်နားထားရာမှ ပွဲစဉ်(၉)ကို ဇန်နဝါရီ ၈ ရက်တွင် ပြန်လည်ကျင်းပမည် ဖြစ်သည်။ ပြန်လည်ကျင်းပမည့် ပွဲစဉ် (၉) မှာပင် ပွဲကောင်းတစ်ပွဲက စောင့်ကြိုနေပြီး ရှစ်ပွဲဆက်အနိုင်ရကာ ချန်ပီယံဆုအတွက် အပြိုင်ဖြစ်နေသည့် MIC အသင်းနှင့် VUC အသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ဖူဆယ်လိဂ်ပြိုင်ပွဲကို နိုဝင်ဘာ ၂၄ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ် (၈) အပြီးတွင် မြန်မာ ယူ-၂၀ အသင်း၏ အာရှခြေစစ်ပွဲကြောင့် ခေတ္တရပ်နားခဲ့ပြီး ယခုမှပြန်လည် ကျင်းပခြင်းဖြစ်သည်။

ပွဲစဉ် (၉) အဖြစ် ယနေ့နံနက် ၈ နာရီတွင် PU အသင်းနှင့် Titan XII အသင်း၊ နံနက် ၉ နာရီခွဲတွင် MIC အသင်းနှင့် VUC အသင်း၊ နံနက် ၁၁ နာရီတွင် Comrade အသင်းနှင့် UPT အသင်း၊ မွန်းလွဲ ၁၂ နာရီခွဲ တွင် AMM အသင်းနှင့် White Colour အသင်း၊ မွန်းလွဲ ၂ နာရီတွင် GV Athletic အသင်းနှင့် မြို့မအသင်း၊ ညနေ ၃ နာရီခွဲတွင် ယူ-၁၉ အသင်းနှင့် ရွှေမြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

## မြောက်ဦးမြို့၌ အခမဲ့ဆေးဝါးကုသပေးမည်

**မြောက်ဦး ဇန်နဝါရီ ၇**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့ ရတနာ့မာရ်အောင်တောရ ဓမ္မရိပ်သာဘုန်းတော်ကြီးကျောင်းဝင်း အတွင်းရှိ ဒေါက်တာစောမြအောင် ဖောင်ဒေးရှင်းအခမဲ့ဆေးပေးခန်းတွင် ဇန်နဝါရီ ၁၄ ရက်မှစ၍ အခမဲ့ဆေးဝါး ကုသပေးမည်ဖြစ်ပြီး ဒေါက်တာ ဦးစောမြအောင်၏ မိသားစုက ဦးဆောင်ကာ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် အတွင်းရှိ ဆေးကုသရန် အခက်အခဲရှိသူများအား အခမဲ့ဆေးကုသနိုင်ရေးအတွက် နိုင်ငံတကာမှ အထူးကု ဆရာဝန်ကြီးများကိုယ်တိုင် အထွေထွေရောဂါများကိုကုသပေးမည်ဖြစ်ကြောင်း ရတနာ့မာရ်အောင်တောရ ကျောင်းတိုက် ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

မြောက်ဦးမြို့နယ်အတွင်းရှိ အနယ်နယ်အရပ်ရပ်မှ ဆေးဝါးကုသလိုသော ပြည်သူများအနေဖြင့် ဒေါက်တာ စောမြအောင်ဖောင်ဒေးရှင်း အခမဲ့ဆေးပေးခန်းနှင့် ရတနာ့မာရ်အောင်ဂေါပကအဖွဲ့ရုံးသို့ လာရောက်စာရင်း ပေးသွင်းနိုင်ပြီး ဇန်နဝါရီ ၁၄ ရက် နှင့် ၁၅ ရက်တို့တွင် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ တစ်ရက်လျှင် လူဦးရေ ၁၀၀၀ ခန့် အခမဲ့ဆေးကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၆) ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၇**

၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၆) ကို ယခုတစ်ပတ်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ထိပ်ဆုံးမှ ဦးဆောင်နေသည့် သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်းတို့ ထိပ်တိုက်မတွေ့ဆုံမီ အမှတ်ပြည့်ရရန် ကစားရမည် ဖြစ်သည်။

ပွဲစဉ် (၅)အပြီးတွင် သစ္စာအားမာန်နှင့် မြဝတီအသင်းက ၁၃ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၀ မှတ်၊ အား/ကာ ဦးစီးဌာနအသင်းက ရှစ်မှတ်၊ YREO အသင်းက ခုနစ်မှတ်၊ ဇွဲကပင်နှင့် ဂန္ဓမာအသင်းက သုံးမှတ်စီ ရထားပြီး တက္ကသိုလ်အသင်းမှာမူ ငါးပွဲစလုံး ရှုံးနိမ့်ထားသည်။ သစ္စာအားမာန်အသင်းသည် မြဝတီအသင်းထက် ဂိုးကွာခြားချက်အသာရထားသောကြောင့် ထိပ်ဆုံးနေရာကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ပွဲစဉ် (၆) အဖြစ် ဇန်နဝါရီ ၈ ရက် (ယနေ့) တွင် ဇွဲကပင်အသင်းနှင့် YREO အသင်း၊ ဇန်နဝါရီ ၉ ရက်တွင် တက္ကသိုလ်အသင်းနှင့် မြဝတီအသင်း၊ ဇန်နဝါရီ ၁၀ ရက်တွင် သစ္စာအားမာန်အသင်းနှင့် ဂန္ဓမာအသင်း၊ ဇန်နဝါရီ ၁၁ ရက်တွင် အား/ကာဦးစီးဌာနအသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**




## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် PRLM မှ Chief of Party, Mr. Robert La Mont နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၇**

မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်သည် USAID Promoting Rule of Law in Myanmar (PRLM) မှ Chief of Party, Mr. Robert La Mont နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အနေဖြင့် ၂၀၁၉ ခုနှစ် Action Plan အရ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ Corruption Perception Survey ကောက်ယူမည့် အစီအစဉ်များ၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးခွဲများ ဖွင့်လှစ်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ပြီး Mr. Robert La Mont ကလည်း ကော်မရှင်အတွက် လိုအပ်သည့် ရုံးသုံးပစ္စည်းကိရိယာများ၊ နည်းပညာဆိုင်ရာအကူအညီများ၊ Survey ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အတွင်းရေးမှူး ဦးစန်းဝင်း၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဒေါ်မြတ်မြတ်စိုး၊ ဒေါ်လဲ့လဲ့သွင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးအောင်လှထွန်း မြန်မာ့ဒစ်ဂျစ်တယ်အခွင့်အရေးဆွေးနွေးပွဲ ကျင်းပမည့် တာဝန်ခံအရပ်ဘက်အဖွဲ့အစည်းများအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၇**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် တတိယအကြိမ် မြန်မာ့ဒစ်ဂျစ်တယ် အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲ (Myanmar Digital Rights Forum) တာဝန်ယူကျင်းပမည့် အရပ်ဘက်အဖွဲ့အစည်းများ ဖြစ်ကြသည့် မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (Myanmar Centre for Responsible Business)၊ ဖန်တီးရာ (Phandeeyar)၊ မြန်မာ့အိုင်စီတီဖွံ့ဖြိုးရေးအဖွဲ့ (Myanmar ICT for Development Organization) နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်း မြန်မာ (Free Expression Myanmar) တို့မှ တာဝန်ရှိသူများအား ယနေ့မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေး ဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ယင်းအရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်း၍ ရန်ကုန်မြို့တွင် ဇန်နဝါရီ ၁၈ ရက်မှ ၁၉ ရက်အထိ ကျင်းပမည့် တတိယအကြိမ် "မြန်မာ့ဒစ်ဂျစ်တယ် အခွင့်အရေးဆိုင်ရာဆွေးနွေးပွဲ" (3rd Myanmar Digital Rights Forum) တွင် ပြန်ကြားရေး ဝန်ကြီးဌာနမှ တက်ရောက်ပါဝင်ရန် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## လှည်းကူးမြို့နယ်၌ နွေစပါးစိုက်ပျိုးရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေး

**လှည်းကူး ဇန်နဝါရီ ၇**

၂၀၁၈-၂၀၁၉ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး၏ နွေစပါးစိုက်ပျိုးရေး ရေရရှိရေးနည်းလမ်းများအား မြို့နယ်အလိုက် စိုက်ပျိုးနိုင်မည့် လျာထားဧကများကို ဇန်နဝါရီ ၃ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်ကျော်က စိုက်ပျိုးရေးဦးစီးဌာနက (တစ်မြို့တစ်ရွာ၊ တစ်ခရိုင်တစ်ရွာ)ဆောင်ရွက်နေသည့် အကြောင်းရင်းများနှင့် ဌာနဆိုင်ရာများက ပူးပေါင်း ပါဝင်ဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် ဌာနဆိုင်ရာများက နွေစပါးစိုက်ပျိုးရေးအတွက် ဆည်ရေပေးဝေနိုင်မှုကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး နွေစပါးစိုက်ဧကများအတွက် ငမိုးရိပ်ဆည် ရေပေးဝေနေမှုကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **နိုင်လင်း(လှည်းကူး)**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၂ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင်ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၅)ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့ အရှေ့ဘက်ခြမ်းမြို့အထွက် ဆိုင်းဘုတ်အနီးတွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၁၂-၂၀၁၈ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့အရှေ့ဘက်ခြမ်း မြို့အထွက် ဆိုင်းဘုတ်အနီး သတင်းအတည်ပြုစိစစ်နေစဉ် မြစ်ကြီးနား-မန္တလေး မီးရထားသံလမ်းဘေးလယ်တောအတွင်း မသင်္ကာဖွယ်တွေ့ရှိသူ အေးနိုင်(၅၄)နှစ်၊ (ဘ)ဦးမြ၊ (၅)မိုင်ကျေးရွာ၊ ရပ်ကွက်(၂)နေသူအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဟိုပင်)မယ (ပ)၉၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ သင်ပေါင်းကျင်းကျေးရွာနေ သိန်းတန်သည် မူးယစ်ဆေးဝါးများ အကြီးအကျယ် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၁၂-၂၀၁၈ ရက်နေ့တွင် ကန့်ဘလူမြို့နယ်၊ ညောင်ဇင်ကျေးရွာ၏ အနောက်ဘက်(၁)ဖာလုံခန့်အကွာ၌ သတင်းရရှိထားသည့် သင်ပေါင်းကျင်းကျေးရွာနေ သိန်းတန်(၄၃)နှစ်၊ (ဘ)ဦးဘိုထွေး မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ ၎င်းမှာ ဆိုင်ကယ်အားလှဲချ၍ ထွက်ပြေးတိမ်းရှောင်သွားပြီး ဆိုင်ကယ်ပေါ်မှ ဘိန်းဖြူများအား ဖမ်းဆီးရမိသဖြင့် နမစ(ဇီးကုန်း) မယ(ပ)၆/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ အုတ်ဆုံကျေးရွာတွင် မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချသူများပေါ်များနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၀-၁၂-၂၀၁၈ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ အုတ်ဆုံကျေးရွာနေ မောင်ကြီး(၃၇)နှစ်၊ (ဘ)ဦးသန်းမောင်၏ နေအိမ်အား သတင်းအရဝင်ရောက်ရှာဖွေရာ ၎င်းအားစိတ်ကြွဆေးပြားအကြေမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ထီးချိုင့်) မယ(ပ) ၄၈/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ မရင်းကြီးကျေးရွာနေ ဝေလသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၁၂-၂၀၁၈ ရက်နေ့တွင် တနင်္သာရီမြို့နယ်၊ မရင်းကြီးကျေးရွာနေ ဝေလ(ခ)ဝေယံ(၃၇)နှစ်၊ (ဘ)ဦးဖေသန်းကြည်၏ နေအိမ်သို့ဝင်ရောက်စိစစ်ရာ ၎င်းမှာတိမ်းရှောင်နေပြီး နေအိမ်အတွင်းမှ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ Pietro Beretta အမျိုးအစား အီတလီနိုင်ငံလုပ် (9mm Prabellun) ပစ္စတို သေနတ်ကိုယ်ထည်(၁)ခု၊ Military Spec Combat Pistol စာတန်းပါ ပစ္စတိုဒင် (၁)ခု၊ လက်လုပ်မောင်းတံုး(၁)ခု၊ လက်လုပ်မောင်းပြန် စပရိန်ပါ (၁)ခု၊ လက်လုပ်ကျည်အိမ်(စပရိန်မပါ)(၁)ခု၊ ပွိုင့်(၃၀) ကာဘိုင်ကျည်(၁၇)တောင့်တို့အား ဖမ်းဆီးရမိသဖြင့် မမစ(တနင်္သာရီ)မယ(ပ)၃၁/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) /၂၀(က)/၂၂(ခ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ သီရိမြိုင်ကျေးရွာနေ ဒေါ်ချိုနှင့် သားဖြစ်သူ ညီထွေးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၁၂-၂၀၁၈ ရက်နေ့တွင် ဘုတ်ပြင်းမြို့နယ်၊ သီရိမြိုင်ကျေးရွာနေ ဒေါ်ချို(၄၃)နှစ်၊ (ဘ)ဦးဘဒင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်သားဖြစ်သူ ညီထွေး(ခ) ချစ်မင်းသူ(၂၁)နှစ်၊ (ဘ)ဦးရှည်တို့(၂)ဦးအားတွေ့ရှိပြီး WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဘုတ်ပြင်း) မယ (ပ)၄၉/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့၊ ရပ်ကွက် (၄)၊ အုပ်စု(၁၀)တောင်ကုန်းပေါ်တွင် နေ့စဉ်နှင့်အမျှ လူအများ မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကား ပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၃၀)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၂၇)ဦး၊ မ(၃)ဦး ပေါင်း(၃၀)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၂၇-၁၂-၂၀၁၈ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ ကွတ်ခိုင်မြို့၊ ရပ်ကွက်(၄)အတွင်း စောင့်ဆိုင်းစိစစ်နေစဉ် ဒေါင်လုံကျေးရွာနေ နော်မိုင်(၂၅)နှစ်၊ (ဘ) ဦးလဗျနော် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ၎င်းအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်)မယ(ပ)၁၄၁/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့်လည်းကောင်း၊ ၁-၁-၂၀၁၉ ရက်နေ့တွင် ကွတ်ခိုင်မြို့၊ ရပ်ကွက်(၄)အတွင်း စောင့်ဆိုင်းစိစစ် နေစဉ် ရပ်ကွက်(၅)နေ အေးဇော်(၂၇)နှစ်၊ (ဘ)ဦးဇော်လှိုင် အားစစ်ဆေးရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကွတ်ခိုင်) မယ(ပ)၁/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကန်အောက်ရပ်ကွက်နှင့် ဘုရားဖြူရပ်ကွက်တို့တွင် မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၁၂-၂၀၁၈ ရက်နေ့တွင် တောင်ကြီးမြို့၊ ကန်အောက်ရပ်ကွက်၊ နယ်မြေ(၁၂)၊ အိမ်အမှတ်(မ/၂၀၄)နေ ဝေဖြိုးအောင် (ခ)မျိုးမျိုး(၂၁)နှစ်၊ (ဘ)ဦးကြည်မြင့်၏နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဈေးပိုင်းရပ်ကွက်၊ နယ်မြေ(၅)၊ အိမ်အမှတ်(၅၁)နေ ကျော်ဇင်ထက်(၁၉)နှစ်၊ (ဘ)ဦးကျော်လှိုင်နှင့် ချမ်းမြသာစည်ရပ်ကွက်နေ အောင်မင်းခန့် (၂၀)နှစ်၊ (ဘ) ဦးခင်မောင်ကျော်တို့ (၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တောင်ကြီး)မယ(ပ)၅၁/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ မြို့မရပ်ကွက်၊ ဘုရားကြီးအတက်လမ်း၊ အိမ်အမှတ်(၁၅၀)နေ အဂူး(ခ) ချမ်းမြေ့ကိုကို(ခ)အသေးလေး(၁၉)နှစ်၊ (ဘ)ဦးစိုးနိုင်အား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ထပ်မံဖမ်းဆီးရမိသဖြင့် မမစ(တောင်ကြီး)မယ(ပ)၅၂/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့်လည်းကောင်း၊ ကွင်းဆက်အရ ၃၀-၁၂-၂၀၁၈ ရက်နေ့တွင် တောင်ကြီးမြို့၊ နယ်မြေ (၁၂)၊ ကျောင်းကြီးစုရပ်ကွက်နေ ကုလားကြီး(ခ)အောင်မြင့်ဦး (၃၁)နှစ်၊ (ဘ)ဦးစိန်မင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်တစ်ရပ်ကွက်တည်းနေ သက်ပိုင်ဦး(ခ)ကျောက်ခဲ (၁၇)နှစ်၊ (ဘ)ဦးမင်းမင်းဦး၊ နယ်မြေ(၉)၊ ကျောင်းကြီးစု ရပ်ကွက်နေ နေလင်းဦး(၃၀)နှစ်၊ (ဘ)ဦးညွန့်ဝင်း၊ အေးသာယာမြို့၊ နယ်မြေ(၇)နေ ဟိန်းစိုး(ခ)သီဟ (၃၀)နှစ်၊ (ဘ)ဦးကံညွန့် တို့(၄)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တောင်ကြီး)မယ(ပ)၅၃/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ ဖြင့် လည်းကောင်း၊ အလားတူ ဘုရားဖြူရပ်ကွက်၊ နယ်မြေ(၁၂)၊ ပန်းနေကြာလမ်းနေ သက်နောင် (၄၄)နှစ်၊ (ဘ) ဦးမောင်မောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ညောင်ရွှေမြို့နယ်၊ ကျွန်းကြီးမြောက်ကျေးရွာနေ မိုးကျော်(၄၃)နှစ်၊ (ဘ)ဦးကြူတို့ (၂)ဦးအား ဘိန်းဖြူများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တောင်ကြီး) မယ(ပ)၈၃/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ရှမ်းပြည်နယ်၊ နမ္မတူမြို့၊ ပန်ဟိုက်(၈) ရပ်ကွက်တွင် မူးယစ်ဆေးဝါးများ သုံးစွဲ/ရောင်းဝယ်နေသူ အများအပြားရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၄)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၅)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၁-၁-၂၀၁၈ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ နမ္မတူမြို့၊ ပန်ဟိုက်(၈)ရပ်ကွက်၊ သချိုင်းကုန်းဟောင်းအနီးရှာဖွေရာ ၎င်းရပ်ကွက်နေ အောင်မိုင်(၄၀)နှစ်၊ (ဘ)ဦးတန်ဂွန်းအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(နမ္မတူ)မယ(ပ)၁/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် ၅-၁-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၄၅၀)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား(၅၉၂)ဦး၊ မ(၁၁၁)ဦး ပေါင်း(၇၀၃)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၅၆၆၄. ၁၇) ဂရမ်၊ ICE (၂၅. ၀၁)ဂရမ်၊ ဘိန်း (၃၈၅၇၃. ၈၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉. ၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၈၇၉၅. ၂၈) ဂရမ်၊ ဘိန်းစာရွက်(၇၂၇၃. ၉၉)ဂရမ်၊ စိတ်ကြွဆေးပြား(၂၀၆၀၀၁)ပြား၊ ဆေးခြောက်(၃၇၀၁. ၀၃)ဂရမ်၊ ဘိန်းရည် (၀. ၁)လီတာ၊ ဘိန်းဆီခဲ (၂၆၈. ၀၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့် (၃. ၄၅) ဂရမ်၊ Ecstasy အကြေ (၀. ၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၄)လက်၊ ကျည်မျိုးစုံ(၂၁၁)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ဆောင်ရွက်ခဲ့ရာ ယခုနှစ်ပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင်

**စာမျက်နှာ ၁၀ သို့ »»**

# ထူးခြားမှုတွေအပြည့်နဲ့ ဆံရစ်ဝိုင်းတို့ရဲ့ ရေပုတ်ကြီး



ကျေးရွာအနီးရှိ ငှက်စလုတ်သဏ္ဌာန် ရေအိုင်ကြီးကို အစွဲပြုပြီး ယခင်က ရေစလုတ်ကြီးကျေးရွာဟု ခေါ်တွင်ကာ ယခုအခါ ရေပုတ်ကြီးကျေးရွာ တစ်နည်းအားဖြင့် ဆံရစ်ဝိုင်းတို့ရွာသည် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း တည်ရှိပါသည်။ မြန်မာ့ရိုးရာဓလေ့တစ်ခုဖြစ်သည့် ဆံရစ်ဝိုင်းထုံးဖွဲ့မှုဓလေ့ကို ဘိုးဘွားအစဉ်အဆက် ရိုးရာယဉ်ကျေးမှုအမွေအနှစ်အဖြစ် ထိန်းသိမ်းတန်ဖိုးထားကာ လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် ချစ်စရာကျေးရွာလေးတစ်ရွာ ဖြစ်ပါသည်။

### ငါးလအရွယ်ကစပြီးထား

"ကျွန်တော်တို့ ရေပုတ်ကြီးကျေးရွာမှာ အိမ်ခြေ ၆၅၀၊ အိမ်ထောင်စု ၆၂၂ စု၊ လူဦးရေ ကျား ၁၅၈၆ ဦး၊ မ ၁၆၀၁ ဦး စုစုပေါင်း လူဦးရေ ၃၁၈၇ ဦး ရှိပါတယ်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုကြပါတယ်။ ကျေးရွာက မိန်းမပျိုလေးတွေက အခုချိန်အထိ ရက်ကန်းထည်ရက်လုပ်ဝတ်ဆင်မှုလည်း ရှိသေးတယ်။ ဒ့ါအပြင် ကျွန်တော်တို့ရွာလေးက ဆံရစ်ဝိုင်းထုံးဖွဲ့မှုဓလေ့ကို ဘိုးဘွားအစဉ်အဆက် ရိုးရာယဉ်ကျေးမှုအမွေအနှစ်အဖြစ် တန်ဖိုးထားပြီး လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်လာခဲ့တဲ့ ကျေးရွာလေးတစ်ရွာ ဖြစ်ပါတယ်။ ဆံရစ်ဝိုင်းထုံးဖွဲ့မှုကိုတော့ အသက် ငါးလအရွယ်ကစပြီး ယောကျ်ားလေး၊ မိန်းကလေး အကုန်ထားကြတာ ဖြစ်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့ကျေးရွာမှာ ဆံရစ်ဝိုင်း ထုံးဖွဲ့သူဦးရေက ၆၀၀၊ ၇၀၀ လောက်ရှိပါတယ်။ ဆံရစ်ဝိုင်းထုံးဖွဲ့မှု ဓလေ့ထိန်းသိမ်းခဲ့တာ ပြောရရင် ဘိုးဘွားတွေလက်ထက်ကတည်းကထားလာကြတာ သိသလောက်ဆိုရင် နှစ်ပေါင်းရာကျော်နေပါပြီ"ဟု ရေပုတ်ကြီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးလူဝင်းက ပြောပြသည်။

ရိုးရာယဉ်ကျေးမှု အမွေအနှစ်အဖြစ် ဆံရစ်ဝိုင်းထုံးဖွဲ့မှုမှာ အမျိုးအစား ငါးမျိုးရှိကြောင်း၊ လသားအရွယ်တွင် ဦးစွန်းဖုတ်ပုံစံ၊ အသက် သုံးနှစ်မှ လေးနှစ်အရွယ်တွင် ကြက်တောင်စည်းပုံစံ၊ အသက် ငါးနှစ်မှ ခြောက်နှစ်အရွယ်တွင် ဆံရစ်ဝိုင်းပုံစံ၊ အသက် ၁၅ နှစ်မှ ၁၆ နှစ်အရွယ်တွင် ဂျပန်ဆံထောက်ပုံစံ၊ အသက် ၁၇ နှစ်မှ ၁၈ နှစ်အရွယ်တွင် နောက်ကောက်ပုံစံဟူ၍ ထုံးဖွဲ့ကြကြောင်း ရေပုတ်ကြီးကျေးရွာသူ မပြုံးပြုံးရီက ပြောပြသည်။

### နှစ်ခြိုက်သဘောကျ

"ကျွန်မကတော့ ဒီလို ဆံရစ်ဝိုင်းလေးနဲ့ နေရတာကို ပိုပြီးကြိုက်တယ်။ မိန်းမတို့ဘုန်း ဆံထုံး ဆိုသလိုပဲပေ့ါ။ အခုလို ရှေးအစဉ်အဆက် ဘိုးဘွားအမွေအနှစ်အဖြစ် လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့တဲ့ ဆံရစ်ဝိုင်းထုံးဖွဲ့မှုဓလေ့ကို ကျွန်မတို့ ကိုယ်တိုင်လည်း နှစ်ခြိုက်သဘောကျတယ်။ အခုဆိုရင် ကျွန်မတို့ကျေးရွာမှာ ဆံရစ်ဝိုင်းအမျိုးသမီးအဖွဲ့ဆိုပြီး အဖွဲ့အစည်းလေး ဖွဲ့ထားပါတယ်။ ဒီဆံရစ်ဝိုင်းအမျိုးသမီးအဖွဲ့ကို ၂၀၁၅ ခုနှစ် ၇ လပိုင်းလောက်က စတင်ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။

"ဆံရစ်ဝိုင်းထုံးဖွဲ့မှုကို ကျွန်မတို့ရွာမှာ မိန်းကလေး၊ ယောကျ်ားလေးတွေ အကုန်လုံး ဘိုးဘွားအမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်လာတာ ဖြစ်ပါတယ်။ ဒီလို ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့အတွက် ရွာမှာရှိတဲ့ လူကြီးမိဘတွေက ဂရုတစိုက်နဲ့ ပြုစုထားသိုပေးတာ ဖြစ်ပါတယ်။ ရှင်ပြုသက်န်းစည်းပြီးတဲ့ ကလေးတွေလည်း ဆံရစ်ဝိုင်းကို ပြန်ထားကြတာရှိသလို တချို့ကလေးတွေကျတော့လည်း ရှင်ပြုသက်န်းစည်းပြီးတဲ့အခါမှာ ဘိုကေပုံစံကို ပြောင်းထားကြတာရှိပါတယ်။ အခုလို ဆံရစ်ဝိုင်းထားတာကို ရွာနီးနားက ကျေးရွာမှာ အလှူရှင်လောင်းကြိုအလှည့်လိုက်တုန်းက ကျွန်မတို့ကို တွေ့တဲ့သူတွေက နင်တို့ ဆံရစ်ဝိုင်းကလည်း ဘာကြီးနဲ့တူမှန်းမသိဘူး၊ ခေတ်ကာလနဲ့ ယှဉ်ကြည့်ရင်တော့ အမြင်ဆိုးလိုက်တာဆိုပြီး ပြောတာမျိုးရှိပါတယ်။



"ဒါပေမယ့် အခုနောက်ပိုင်းမှာတော့ ကျွန်မတို့ ဆံရစ်ဝိုင်းကျေးရွာလေးကို မကွေး၊ မန္တလေး၊ ရန်ကုန်၊ နေပြည်တော်က ဓာတ်ပုံဆရာတွေရဲ့ အဆက်အသွယ်နဲ့ တဖြည်းဖြည်း နိုင်ငံခြားသားဧည့်သည်တွေ လာရောက်လည်ပတ်မှုတွေ ရှိလာခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ ကျွန်မတို့ရွာက ဆံရစ်ဝိုင်းထားသို့မှုဓလေ့ကို ဘာမှ မပြောကြတော့ပါဘူး" ဟုလည်း မပြုံးပြုံးရီက ပြောပြသည်။

ရေပုတ်ကြီးကျေးရွာရှိ မြန်မာ့ဆံရစ်ဝိုင်းထုံးဖွဲ့ထားရှိမှု ဓလေ့ကို ဂျပန်၊ ကိုရီးယား၊ ဆွစ်ဇာလန်၊ ဩစတြေးလျစသည့် နိုင်ငံများအပြင် ဟောင်ကောင် ကလည်း လာရောက်လေ့လာကြကြောင်း သိရသည်။

### လက်ဆင့်ကမ်းထိန်းသိမ်းလာ

"ကျွန်တော်တို့ရွာမှာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်အဖြစ် ဆံရစ်ဝိုင်းထုံးဖွဲ့မှုဓလေ့ကို ဘိုးဘွားအစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်တဲ့အနေနဲ့ အခုအထိ မပျောက်ပျက်ဘဲရှိနေတာ ဂုဏ်ယူဝမ်းသာစရာ တစ်ခုပါပဲ။ ဒါကလည်းရွာမှာရှိတဲ့ လူကြီးမိဘတွေက သားသမီးတွေအထိ လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့လို့ အခုအထိရှိနေသေးတာပါ။ ရွာက ကလေးတွေကလည်း ဆံရစ်ဝိုင်းထားတဲ့ဓလေ့ကို နှစ်ခြိုက်သဘောကျကြပါတယ်။ ဆက်လက်ပြီးတော့လည်း ဆံရစ်ဝိုင်းထားသိုမှုဓလေ့ကို မပျောက်ပျက်အောင် ကျေးရွာမှာရှိတဲ့ ရပ်မိရပ်ဖတွေနဲ့ ကျေးရွာနေပြည်သူတွေ ပူးပေါင်းပြီး ထိန်းသိမ်းစောင့်ရှောက်သွားမှာ ဖြစ်ပါတယ်။

**စာမျက်နှာ ၉ သို့** ❖



❖ စာမျက်နှာ ၈ မှ

ဆံရစ်ဝိုင်းကျေးရွာလို့ ယနေ့အထိ ထိန်းသိမ်းထားရှိတဲ့ ရေပုတ်ကြီးကျေးရွာကို သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ နိုင်ငံခြားခရီးသွားဧည့်သည်တွေ အခုထက်ပိုပြီး စိတ်ဝင်တစားလာရောက်လည်ပတ်နိုင်မယ့် ခရီးစဉ်ဒေသတစ်ခုအဖြစ် အကောင်အထည်ဖော်ပေးမယ်ဆိုရင် ကျွန်တော်တို့ကျေးရွာဟာ ဒီထက်မက ဖွံ့ဖြိုးလာစေမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တာဝန်ရှိသူတွေကို ဆောင်ရွက်ပေးစေချင်ပါတယ်” ဟု ကျေးရွာရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးစိန်ငွေးက ပြောကြားသည်။

ရေပုတ်ကြီးကျေးရွာအဝင်တွင် မဏိစည်သူမင်းကြီးနှင့် မိဖုရားတို့ကိုယ်တိုင် လာရောက်ဖူးမြော်ခဲ့သည့် ယခင်က ဧရာသုခကိုးတောင်ပြည့်စေတီ၊ ယခုအခါ စေတီကိုငုံ၍ တည်ထားသည့် ရတနာဦးစေတီတော်ကို ကြည်ညိုဖွယ်ဖူးမြော်နိုင်ပါသည်။ ရေပုတ်ကြီးကျေးရွာသမိုင်းနှင့်ပတ်သက်ပြီး အသက် ၇၇ နှစ်အရွယ် ဒေသခံ ဦးတင်အောင်က လေ့လာသိရှိရသမျှ ပြောပြခဲ့ပါသည်။

**ဘာဝနာပွားများ**

“မဏိစည်သူမင်းကြီးမှာ ဦးမဲကျော်ဆိုတဲ့ ပျော်တော်ဆက် ငယ်ကျွန်ကြီးရှိခဲ့တယ်။ မနာလိုတဲ့သူတွေက ကုန်းတိုက်စကား ပြောကြားတာကို ဘုရင်ကြီးကယုံပြီး ငယ်ကျွန်ဖြစ်သူ ဦးမဲကျော်ကို သတ်မယ်လို့ ကြိမ်းဝါးခဲ့တယ်။ ဒါကို ဦးမဲကျော်က ကြားတော့ ထွက်ပြေးတယ်။ ထွက်ပြေးလာပြီးတော့ ရေပုတ်ကြီးကျေးရွာရဲ့ အရှေ့တောင်ဘက် နှစ်ဖာလုံလောက်မှာရှိတဲ့ ကန်ကြီးတစ်ကန်နားက သခွပ်ကုန်းကျေးရွာမှာ ပုန်းနေတယ်။ နောက်တော့ ဘုရင်ကြီးက အကြောင်းစုံသိရှိပြီးတော့ ဦးမဲကျော်ကို အမျက်ပြေသွားပြီး မှူးကြီးမတ်ရာတွေကို ရှာဖွေခေါ်ခိုင်းတယ်။ ဦးမဲကျော်က ဘုရင်ကြီးခေါ်ခိုင်းတာကို ပြန်မလိုက်တော့ဘူး။ ရေပုတ်ကြီးကျေးရွာမှာရှိတဲ့ ဧရာသုခစေတီမှာပဲ ဖူးမြော်ကြည်ညိုမဆုံးဖြစ်ပြီး တရားဘာဝနာ ပွားများကျင့်ကြံအားထုတ်ရာကနေ ဝိဇ္ဇာလမ်းပေါက်သွားတယ်လို့ သိရှိခဲ့ရတယ်။ ပြီးတော့ ဦးမဲကျော်ကို ဘုရင်ကြီးနဲ့ မိဖုရားတို့ကိုယ်တိုင် လာရောက်ခေါ်တယ်လို့လည်း သိရှိရပါတယ်။

“ဒီလိုဘုရင်ကြီးနဲ့ မိဖုရား ရွာကိုရောက်လာတဲ့အခိုက်မှာ မိဖုရားကြီးက ဧရာသုခစေတီတော်ကို သွားရောက်ဖူးမြော်ပြီး ကြည်ညိုလွန်းလို့ ဘုရင်ကြီးနဲ့အတူ ပြန်မလိုက်တော့ဘူးလို့ မဏိစည်သူမင်းကြီးကိုပြောတော့ ဘုရင်က စိတ်ဆိုးပြီး တွေ့သမျှ ရေအိုင်တွေနဲ့ ရေရှိသမျှနေရာတွေကို အမိဌာန်နဲ့ ပုပ်စေတတ်တဲ့ ဆေးခတ်ခိုင်းတယ်။ အမိဌာန်က အောင်မြင်သွားပြီး ရေတွေဟာ ခေတ္တပုပ်ပေးရာကနေ တစ်ဆင့် ရေစလုတ်ကြီးနာမည်ကနေ ရေပုတ်ကြီးကျေးရွာအမည် ဖြစ်လာပါတယ်။

**ထူးဆန်းသည့် မန်ကျည်းပင်**

“ပြီးတော့ ဘုရင်ကြီးနဲ့ မိဖုရား ရွာကိုရောက်တဲ့အချိန်မှာလည်း စားတော်ပွဲ ပြင်ပေးတဲ့အခါ ဟင်းတစ်ခွက်လိုနေတဲ့အတွက် ရွာထဲက မန်ကျည်းပင်ကြီးကနေ မန်ကျည်းဟင်းတစ်ခွက် ဆက်သပေးခဲ့ပါတယ်။ ဒီလိုဆက်သပေးတဲ့ မန်ကျည်းဟင်းတစ်ခွက်က ဘုရင်ကြီးနဲ့ မိဖုရားအတွက် ချဉ်တဲ့အရသာမဖြစ်ဘဲ ချိုတဲ့အရသာဖြစ်ပြီး စားကောင်းစေခဲ့ပါတယ်။ အဲဒီ မန်ကျည်းပင်ကြီးကလည်း အခုအချိန်အထိ ရွာထဲမှာ ရှိနေတုန်းဖြစ်ပါတယ်။ ထူးဆန်းတာက ဒီအပင်က တစ်ကိုင်းတည်းသာ မန်ကျည်းသီးအချိုသီးတာ ရှိပါတယ်။ ဒါ့အပြင် ကျေးရွာအနီးက ကျွန်တော်တို့ အရပ်အခေါ် ပေကုန်းမှာလည်း သက်တမ်း နှစ်ပေါင်း ရာချီတဲ့ ပေပင် ၂၇ ပင်လည်း ရှိပါတယ်။ ဒီအပင်တွေက ကြီးထွားလာတာမျိုးမရှိဘဲ ပင်စည်အမြင့် ရှစ်လက်မလောက်ပဲ ရှိပါတယ်။ ဒါကလည်း ထူးခြားမှုတစ်ခုလို့ ဒေသခံတွေက ယုံကြည်ကြပါတယ်”။



ယနေ့ထိတိုင် ဆံရစ်ဝိုင်းထုံးဖွဲ့မှုဓလေ့ကို ရိုးရာယဉ်ကျေးမှုအမွေအနှစ်အဖြစ် လက်ဆင့်ကမ်းထိန်းသိမ်းနေသည့် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရေပုတ်ကြီးကျေးရွာသို့ သွားရောက်လေ့လာလိုပါက ပွင့်ဖြူမြို့နယ် ရွှောက်တောကျေးရွာလမ်းခွဲမှ အနောက်ဘက်အတိုင်း သုံးမိုင်ခန့်သွားလျှင် ကျောင်းကုန်းကြီးကျေးရွာသို့ ရောက်မည်ဖြစ်သည်။ ကျောင်းကုန်းကြီးကျေးရွာမှတစ်ဆင့် လေးမိုင်ခန့် ဆက်သွားလျှင် ရေပုတ်ကြီးကျေးရွာသို့ ရောက်ရှိမည်ဖြစ်သည်။

ယခင်က သွားလာရေးခက်ခဲမှုရှိသော်လည်း ယခုအခါ ကျောင်းကုန်းကြီး၊ ရေပုတ်ကြီးကျေးရွာချင်းဆက်လမ်းအား မြေနီကျောက်စရစ်လမ်း ခင်းကျင်းပြီးဖြစ်သဖြင့် ရာသီမရွေး လွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီဖြစ်သည်။

ထို့ကြောင့် လေ့လာလိုသည့် ခရီးသွားဧည့်သည်များအနေဖြင့် ဆံရစ်ဝိုင်းတို့နေထိုင်ရာ ရေပုတ်ကြီးကျေးရွာသို့ တစ်ခေါက်တစ်ခါ လာရောက်လေ့လာနိုင်စေရန် ရေးသားတင်ပြလိုက်ရပါသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**







»» စာမျက်နှာ ၇ မှ

ပြည်နယ်/တိုင်းဒေသကြီးအသီးသီး၌ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာရပ်ကွက် ဓမ္မာရုံအနီးလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၉၃)ပြား၊ ဆိုင်ကယ် (၁)စီး၊ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နန့်စီးအောင်ကျေးရွာ၊ မြဝတီရပ်ကွက်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့် စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းစိမ်း(၁၃၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဗန်းမော်မြို့နယ်၊ ပါပေါင်းကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၀၀)ပြား၊ စင့်ကင်ကျေးရွာ၌ တရားခံ အမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၄၀)ပြား၊ မိုးမောက်မြို့နယ်၊ လွယ်ဂျယ်မြို့၊ ဝိန်းခမ်းရွာထိပ်၌ သတင်းအရ Alphard ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၄၈၄)ဂရမ်၊ စိတ်ကြွဆေးပြား (၅၅၈၅၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ဈေးပိုင်းရပ်ကွက်၌ တရားခံ အမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၅၁)ပြား၊ ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၃)ရပ်ကွက်ရှိ တည်းခိုခန်းအား သတင်းအရ ဝင်ရောက်စိစစ်ရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၁၄၀၀)ပြား၊ ဇာသပြင်အနောက်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာရွက် (၆၅၀၀) ဂရမ်၊ စိတ်ကြွဆေးပြား(၉)ပြား၊ မြဝတီမြို့၊ ရပ်ကွက်(၅)အတွင်း၌ သတင်းအရစိစစ်ရာ တရားခံအမျိုးသား (၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၂၄)ပြား၊ ရပ်ကွက်(၄)လမ်းမပေါ်၌ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၉၅)ပြား၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဇရစ်ချောင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၇၆၅) ပြား၊ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ရေတွင်းကုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၀) ပြား၊ ကျိုက်ထိုမြို့၊ မြောက်ပိုင်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၆၃)ပြား၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ပိုက်ဆိပ်ကျေးရွာအနီး မကျီးချောင်း ချောင်းအတွင်း၌ လှေ(၁)စီးအား သတင်းအရစိစစ်ရာ တရားခံအမျိုးသား(၄)ဦးထံမှ စိတ်ကြွဆေးပြား(၄၆၅၅၀၀)ပြား၊ လှေ(၁)စီး၊ လသာ(အထက်)ရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွ ဆေးပြား(၉၂၈၂၀)ပြား၊ လသာ(အောက်)ရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၅၆၂၆) ပြား၊ ကြိမ်ချောင်းစစ်ဆေးရေးဂိတ်၌ သတင်းအရ Noah ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၉၅၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ မြို့မတောင်ရပ်ကွက်၊ ဖေဇီကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၇၀၀)ပြား၊ ရွာသစ်ကေရပ်ကွက်၌ တရားခံအမျိုးသား(၁) ဦးထံမှ စိတ်ကြွဆေးပြား(၆၅)ပြား၊ မြို့မဈေး၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၈၈၀၅၀)ပြား၊ ဘူးသီးတောင်မြို့၊ အမှတ်(၃)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၃၀)ပြား၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ဇလဲကျေးရွာအနီး၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ချမ်းမြသာစည်ရပ်ကွက်၌ ရပ်တန့်ထားသည့် Hijet ယာဉ်အားစိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၈၉၅)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ကန်းမို့ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၅၄) ပြား၊ ကလောမြို့နယ်၊ နန့်အွန်ကျေးရွာ တံတားအနီး ပင်လောင်း-အောင်ပန်းသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၈၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရပ်စောက်မြို့နယ်၊ အင်တော-ရပ်စောက်သွား ကားလမ်းဘေးဖြူနီးသဲတောင်အနီးတွင် ဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့ စိစစ်ဆဲ ဓာတုဆေးရည်(၆၄၀၀)လီတာ၊ ပင်လောင်းမြို့နယ်၊ ကောင်မဲသင်းကျေးရွာနှင့် ဆောင်းပြောင်း ကျေးရွာသွား ကားလမ်းမပေါ်၌ သတင်းအရဆိုင်ကယ်(၂)စီးအားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းစိမ်း(၄၁၁၀၀)ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ မြောက်စလုံးကျေးရွာနှင့် လုံးပြင်ကျေးရွာသွားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစိမ်း(၁၀၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဝါးပြုံးကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၉၀)ပြား၊ ဘိန်းစိမ်း(၁၂၀၀)ဂရမ်၊ ဆေးခြောက် (၃၁၀၀)ဂရမ်၊ သံတဲကျေးရွာအနီး၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစိမ်း(၂၃၄၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကွန်ဟိန်းမြို့၊ ရပ်ကွက်(၁)၊ ကွန်ဟိန်းတံတားအနီး၊ လမ်းဘေး ဓာတ်တိုင်နှင့် တိုက်မိထားပြီး ရပ်တန့်ထားသည့် ယာဉ်မောင်းမရှိ Nissan (၆)ဘီးယာဉ်အားစိစစ်ရာ တရားခံအမျိုးသမီး(၁)ဦးနှင့်အတူ ယာဉ်ပေါ်မှ ကဖိန်း(၅၁၉၂၉၄)ဂရမ်၊ မော်တော်ယာဉ် (၁)စီး၊ မိုးနဲမြို့နယ်၊ မိုးနဲ-နမ့်စန်သွားကားလမ်းမပေါ်တွင် သတင်းအရ Canter (၆)ဘီးယာဉ်အား ရပ်တန့်စိစစ်ရာ အမျိုးသား (၃) ဦးမှာ ထွက်ပြေးသွားပြီး ယာဉ်ပေါ်မှ ဘိန်းစိမ်း(၄၅၂၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ လားရှိုးမြို့နယ်၊ မန်ပျဉ်ကျေးရွာနှင့် ခါးသျှိအောက်ကျေးရွာသွား ကားလမ်းမပေါ်၌ သတင်းအရ Wish ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစိမ်း(၁၅၀၀)ဂရမ်၊ ဘိန်းဆီခဲ(၅)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၅)ဂရမ်၊ မော်တော်ယာဉ် (၁)စီး၊မူဆယ်မြို့နယ်၊ ဟိုနောင်ကျေးရွာလမ်းခွဲတွင် သတင်းအရ Isuzu (၁၂)ဘီးယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၂)ဦးထံမှ ကဖိန်း(၄၂၅၀၀၀)ဂရမ်၊ Amoniumchloride (၁၇၅၀၀၀၀)ဂရမ်၊ မော်တော်ယာဉ် (၁)စီး၊ နမ့်ခမ်းမြို့နယ်၊ တာကွန့်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၂၈၈)ဂရမ်၊ ဘိန်းစိမ်း (၁၅၀၀)ဂရမ်၊ စိတ်ကြွဆေးပြား(၄၇၃၆၅)ပြား၊ ကွတ်ခိုင်မြို့နယ်၊ ခိုလုံကျေးရွာအဝင်လမ်း၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၁၁၀)ဂရမ်၊ စိတ်ကြွဆေးပြား (၂၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရပ်ကွက်(၈)၊ ကွတ်ခိုင်-ကောင်းခါးသွားလမ်းခွဲဆိုင်းဘုတ်အနီး၌ သတင်းအရ Mark-II ယာဉ်အား ရပ်တန့်စိစစ်ရာ ယာဉ်မောင်းမှာတိမ်းရှောင်သွားပြီး ယာဉ်၏နောက်ခန်း ပီနံအိတ်အတွင်းမှ ဘိန်းဖြူ(၁၉၃၆)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ နောင်ချိုမြို့၊ အိုရီယမ်တယ်တိုးဂိတ်အနီး၌ သတင်းအရ Crown ယာဉ်(၁)စီးနှင့် ဆိုင်ကယ်(၁)စီးအား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၆၆၀၀)ပြား၊ ဘိန်းဆီခဲ(၁၂၉၀၂)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ဆိုင်ကယ်(၁) စီး၊ ပန်ဟက်ရပ်ကွက်အနီး၌ သတင်းအရ Dump Truck ယာဉ်အားရှာဖွေရာ တရားခံအမျိုးသား(၃)ဦးထံမှ ဘိန်းဖြူ (၄၁၈၀၀)ဂရမ်၊ စိတ်ကြွဆေးပြား(၁၅၈၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ မဘိမ်းမြို့နယ်၊ ပွဲစားမိတ်ကျေးရွာ အဝင်လမ်း၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၁၃၂၀)ဂရမ်၊ ဆိုင်ကယ် (၁)စီး၊ ကျိုင်းတုံမြို့နယ်၊ ကြန်ဆတ်ကျေးရွာလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၁) ဦးထံမှ စိတ်ကြွဆေးပြား(၁၂၀၉)ပြား၊ ဆိုင်ကယ်(၁)စီး၊ တုံတာမြို့၊ ရပ်ကွက်(၁)၊ ကျိုင်းတုံ-တောင်ကြီးကားလမ်း၊ မိုင်တိုင်အမှတ် (၃၆၂/၃)နှင့်(၃၆၂/၄)ကြား၌သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁) ဦးထံမှ စိတ်ကြွဆေးပြား (၃၇၄၃)ပြား၊ ဆိုင်ကယ်(၁)စီး၊ မိုင်းတုံမြို့နယ်၊ နားကောင်းမူးကျေးရွာ၌ တရားခံအမျိုးသမီး(၁) ဦးထံမှ ဘိန်းစိမ်း(၁၃၀၀)ဂရမ်၊ တာချီလိတ်မြို့အထွက် လွယ်တော်ခမ်း ပူးပေါင်းစစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၁၆၅)ပြား၊ ဆိုင်ကယ်(၂)စီး၊မိုင်းဖုန်း(ခ) အုပ်စု၊ ဝှေလေလန်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁) ဦးထံမှ ICE (၆၀၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ပန်အင်ကျေးရွာ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၈၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ စက်မှုဇုန် ရပ်ကွက်ရှိ KTV တွင် ဝယ်ယူမည့်သူအသွင်ယူစောင့်ဆိုင်းစဉ် ပစ္စည်းလာပို့သည့် တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ (၅၅)ဂရမ်၊ စိတ်ကြွဆေးပြား(၅၈၅၀)ပြား၊ ကသာမြို့နယ်၊ ဒုံအော့ကျေးရွာလမ်းခွဲအနီး၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၅၇၀၀) ပြား၊ ဆိုင်ကယ်(၁)စီး၊ အင်းတော်မြို့နယ်၊ ရွှေဘို-မြစ်ကြီးနားသွားကားလမ်းမပေါ် နန်းမကျိုင်းလမ်းဆုံ၌ သတင်းအရ Vigo ယာဉ်(၂)စီးအား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၅)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၆)ဦးထံမှ စိတ်ကြွဆေးပြား(၂၉၂၅၀) ပြား၊ ဘိန်းဖြူ(၉၂၄၀)ဂရမ်၊ ဘိန်းဆီခဲ(၄၄၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၂)စီး၊ ကောလင်းမြို့နယ်၊ ခမောက်တောင်ကျေးရွာ၌ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ ထံမှ စိတ်ကြွဆေးပြား(၁၂၀၁)ပြား၊ ဘိန်းစိမ်း(၁၇၂၀. ၆၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၆. ၃၃)ဂရမ်၊ ကလေးမြို့၊ တာဟန်းရပ်ကွက်၊ နယ်မြေ(၃)၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၁၀၈၉)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ တရားခံ အမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၉၄၀)ပြား၊ တမူးမြို့၊မြို့မ(၁၃)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်းဖြူ(၃. ၉) ဂရမ်၊ စိတ်ကြွဆေးပြား(၈)ပြား၊ Buprenorphine Tablet(၁၀)ပြား၊ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ ထိန်တွင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၆၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၇)ပြား၊ ဆိုင်ကယ်(၁)စီး၊ မြိတ်မြို့၊ ကန်ဖျားနယ်မြေ၊ တပ်ပြင်ရပ်၊ ပိတောက်ရွှေဝါလမ်း၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၈၂၅)ပြား၊ မြိတ်တောင်ကျေးရွာ၊ ကုန်းဖောက်လမ်းမကြီးပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသမီး(၂) ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်ဆေးဖော်ထုတ်ချက်အရ တရားခံ၏နေအိမ်မှ စိတ်ကြွဆေးပြား(၂၀၀၀)ပြား၊ ကျွန်းစုမြို့နယ်၊ ရေပြည့်အော်ကျေးရွာအနီး ပင်လယ်ပြင်၌ စက်လှေ(၁)စီးအား သတင်းအရစိစစ်ရာ တရားခံအမျိုးသား(၆)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၉)ပြား၊ ဘိန်းစာမှုန့်(၆၀)ဂရမ်၊ သစ်သားစက်လှေ(၁)စီး၊ မိုးမလင်းကျွန်းရေပြင်၌ စက်လှေ(၂)စီးအား သတင်းအရစိစစ်ရာ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား (၂၃၄)ပြား၊ ဘိန်းစာမှုန့်(၅၁၅၀)ဂရမ်၊ သစ်သား စက်လှေ(၂)စီး၊ ပန်းတောင်းကျွန်းအနောက်ဘက်ရေပြင်၌ စက်လှေ(၁)စီးအား သတင်းအရ စိစစ်ရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ ဘိန်းစာမှုန့် (၁၆၈၀)ဂရမ်၊ သစ်သားစက်လှေ(၁)စီး၊ တနင်္သာရီမြို့နယ်၊ ချောင်းလမုကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ ICE (၁၈၀)ဂရမ်၊ မရင်းကြီးကျေးရွာနှင့် အော်ကြီးကျေးရွာသွား ကားလမ်းမပေါ်၌ ရပ်တန့်ထားသည့် Honda Fit ယာဉ်အား မသင်္ကာသဖြင့် စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၁၃၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ကော့သောင်းမြို့နယ်၊ ကော့သောင်း- မြိတ်ကားလမ်း၊ မိုင်တိုင်အမှတ်(၂၃၃/၁)နှင့်(၂၃၃/၂)ကြား၌ သတင်းအရဆိုင်ကယ်အား ရပ်တန့် စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၈၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့၊ မကျည်းတန်းရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၃၁၁)ပြား၊ ဆိုင်ကယ် (၁)စီး၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ဆုံရပ်ကွက်၊ ဆုံ(၉)လမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂) ဦးထံမှ စိတ်ကြွဆေးပြား(၁၉၆)ပြား၊ စစ်ဆေးဖော်ထုတ်ချက်အရ တရားခံ၏နေအိမ်မှ စိတ်ကြွဆေးပြား(၄၂)ပြား၊ ဆိုင်ကယ် (၁)စီး၊ ငဖဲမြို့နယ်၊ ကျောက်တွင်းရပ်ကွက်၌ တရားခံအမျိုးသမီး(၂)ဦးထံမှ ဘိန်းစိမ်း(၁၂၀)ဂရမ်၊ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ တောင်လယ်ကျေးရွာအနီး၊ မိုးမိတ်-တွင်းငယ်သွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၆၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ သာစည်မြို့နယ်၊ တောင်ကြီး-မိတ္ထီလာ ကားလမ်းမ၊ မိုင်တိုင်အမှတ်(၃၁)၊ ရထားသံလမ်းအနီး၌ သတင်းအရ ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစိမ်း(၁၂၀၀၀)ဂရမ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၇)ပြား၊ ကွင်းဆက် စိစစ်ဖော်ထုတ်ချက်အရ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၂၀)ပြား၊ ဆေးခြောက်(၁. ၂၃) ဂရမ်၊ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ ဦးထွန်းမြတ်လမ်းဘေး၌ ရပ်တန့်ထားသည့် Toyota Yaris ယာဉ်အား သတင်းအရစိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ Ecstasy Tablet (၄၃၀)ပြား၊ Ecstasy Powder (၁. ၆)ဂရမ်၊ Ketamine (၁၂၆. ၉၅)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၌ ရပ်တန့်ထားသည့် Crown ယာဉ်အားစိစစ်ရာ တရားခံ အမျိုးသား(၁)ဦးထံမှ Ecstasy Tablet (၁)ပြား၊ ICE(၀. ၆)ဂရမ်၊ Ketamine(၀. ၅)ဂရမ်၊ စိတ်ကြွဆေးပြား(၁)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၈)ရပ်ကွက်၊ ပုသိမ်-ငပုတောကားလမ်းဘေး၌ ရပ်တန့်ထားသည့် Caldina ယာဉ်အား သတင်းအရစိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၆၀) ပြား၊ မော်တော်ယာဉ် (၁)စီး၊ မအူပင်မြို့၊ (၁၁)ရပ်ကွက်၌ တရားခံအမျိုးသား(၆)ဦးထံမှ စိတ်ကြွဆေးပြား(၄၆. ၅) ပြား၊ ဆိုင်ကယ် (၁)စီး၊ ဒေးဒရဲမြို့နယ်၊ ဖျာပုံ-ဒေးဒရဲကားလမ်းမဘေးရှိ Golden Club 2 စားသောက်ဆိုင်ရှေ့၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၀)ပြား၊ ဆိုင်ကယ်(၁) စီး ဖမ်းဆီးရမိပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဖျာပုံမြို့၊ (၁၄)ရပ်ကွက်ရှိ တရားခံ၏နေအိမ်အတွင်းမှ စိတ်ကြွဆေးပြား (၁၆၀)ပြားအားလည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခု ရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ စက်တောကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၀. ၈) ဂရမ်၊ တူမီးသေနတ်(၁)လက်၊ ယမ်းစိမ်း(၃၂. ၃၃)ဂရမ်၊ ယမ်းတောင့်(၅)လုံး၊ ဆိုင်ကယ်(၁)စီးတို့အား လည်းကောင်း၊ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၂)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့နယ်၊ မန့်ဟောင်းကျေးရွာအဝင်လမ်း၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၀၀)ပြား၊ ဘိန်းဖြူ(၃၃)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ စန္ဒကူး(၁)ရပ်ကွက်၊ မဟူရာလမ်းတွင် သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားမဝင် ဝင်ရောက်လာသည့် အိန္ဒိယနိုင်ငံသား အမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀)ပြား၊ Buprenorphine Tablet (၁၂)ပြား၊Alprazolam Tablet(၁၀) ပြား၊ ဆိုင်ကယ်(၁)စီးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းနှစ်ပတ်(၂၃-၁၂-၂၀၁၈ ရက်နေ့မှ ၅-၁-၂၀၁၉ ရက်နေ့အထိ) အတွင်း မူးယစ်အမှုပေါင်း(၄၃၁)မှုတွင် တရားခံကျား(၅၂၉) ဦး၊ မ(၇၂)ဦး၊ ပေါင်း(၆၀၁)ဦးကို ဘိန်းဖြူ(၅၇၀၈၅. ၀၉)ဂရမ်၊ ICE(၆၁၈၄. ၅၃)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၂၃. ၃၃) ဂရမ်၊ ဘိန်းစိမ်း(၅၃၈၆၀၇. ၁၂)ဂရမ်၊ ဘိန်းစာရွက်(၆၅၀၀)ဂရမ်၊ ဘိန်းစာမှုန့်(၇၂၃၅)ဂရမ်၊ စိတ်ကြွဆေးပြား (၁၅၇၇၉၇၉)ပြား၊ ဆေးခြောက်(၃၂၈၀. ၀၇)ဂရမ်၊ ဘိန်းဆီခဲ(၅၇၁၃၈)ဂရမ်၊ ကဖိန်း(၄၇၆၉၂၉၄)ဂရမ်၊ Ecstasy Tablet (၄၃၁)ပြား၊ Ecstasy Powder (၁. ၆)ဂရမ်၊ Ketamine (၁၂၇. ၄၅)ဂရမ်၊ Buprenorphine Tablet(၂၂) ပြား၊ စိစစ်ဆဲဓာတုဆေးရည် (၆၄၀၀)လီတာ၊ Amoniumchloride (၁၇၅၀၀၀၀)ဂရမ်၊ Alprazolam Tablet (၁၀) ပြား၊ တူမီးသေနတ်(၁) လက်၊ ယမ်းစိမ်း(၃၂. ၃၃)ဂရမ်၊ ယမ်းတောင့်(၅)လုံးတို့ကို ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | **၀၆၇-၅၉၀၂၀၀** |
| **ဖက်စ်ဖုန်းနံပါတ်** | - | **၀၆၇-၅၉၀၂၃၃** |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

# ဟိုပုံး၊ ဆီဆိုင်နှင့် ကွန်ဟိန်းမြို့နယ်တို့၌ ဘိန်းခင်းများ ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၇**

ဟိုပုံးမြို့နယ် ခိုလတ်ကျေးရွာတောင်ဘက် ခြောက်ဖာလုံခန့်အကွာ၌ ဟိုပုံးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းဟန်ဦးစီးပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၆ ရက်တွင် အမြင့်သုံးပေခန့်ရှိ ဘိန်းစိုက်ခင်း ၂၆ ဧကခန့်အား ဖျက်ဆီးရှင်းလင်းခဲ့သည်။

ထို့အတူ ဆီဆိုင်မြို့နယ် နောင်တဘန်ကျေးရွာ၌ ဘိန်းစိုက်ခင်း ၁၀ ဧကခန့်နှင့် ကွန်ဟိန်းမြို့နယ် ဝမ်ပတ်ကျေးရွာ၌ ဘိန်းစိုက်ခင်း ၇ ဒသမ ၅ ဧကခန့်တို့အား ရဲတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# သူများနိုင်ငံတွေမှာ ဒီအာဆီယံမှာတောင် Schooling Years 12 Years လုပ်တာ ကျွန်မတို့က နောက်ဆုံးပါပဲတဲ့၊ ကျန်တဲ့နိုင်ငံတွေက အကုန်လုပ်ပြီးပါပြီတဲ့

ပါမောက္ခ/ဌာနမှူး(ငြိမ်း) ဒေါက်တာခင်မာရီ

## အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ဆောင်ရွက်နေမှုများ ပညာရေးစကားဝိုင်း ကျင်းပ

**အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ဆောင်ရွက်နေမှုများ ပညာရေးစကားဝိုင်း အပိုင်း(၂)ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရိုက်ကူးထုတ်လွှင့်ခဲ့ပါသည်။ အဆိုပါစကားဝိုင်း ဆွေးနွေးပွဲတွင် အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာမျိုးကြွယ်၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီဥက္ကဋ္ဌ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာမောင်မောင်ဝင့်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီဥက္ကဋ္ဌ၊ မြိတ်တက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာမြင့်ဆွေ၊ အမျိုးသားပညာရေးမူဝါဒ ကော်မရှင်အဖွဲ့ဝင်၊ ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ပါမောက္ခ/ဌာနမှူး(ငြိမ်း) ဒေါက်တာခင်မာရီတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်-**

**(ယမန်နေ့မှအဆက်)**

**အစီအစဉ်မှူး။** **။အမျိုးသားပညာရေးနဲ့ပတ်သက်တဲ့ ဥပဒေရေးရာ အနေအထားတွေကိုလည်း ရှင်းပြပေးစေချင်ပါတယ်။**

**ဒေါက်တာခင်မာရီ။** ။နိုင်ငံတစ်နိုင်ငံမှာ ပညာရေးတိုးတက်ဖို့က အရေးကြီးပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ မှာလည်းပဲ ရေးထားပါတယ်။ ပုဒ်မ (၂၈)မှာပဲ နိုင်ငံတော်သည် ပညာရေးနဲ့ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အလေးထားဆောင်ရွက်ရမည်ဆိုပြီး နိုင်ငံတော်ရဲ့ အခြေခံမူတစ်ရပ်အနေနဲ့ ထည့်ထားပါတယ်။ အခြေခံမူတစ်ရပ်အနေနဲ့ နိုင်ငံတော်ဟာ ပညာရေးတိုးတက်အောင် လုပ်တဲ့နေရာမှာ အဲဒီပုဒ်မ (၂၈)မှာပဲ ဆက်ရေးထားသေးတယ်။ ပြည်သူတွေ ပါဝင်လာဖို့အတွက် ဥပဒေတွေပြဋ္ဌာန်းပြီးတော့ ဆောင်ရွက်ရမယ်လို့လည်း ပါပါတယ်။ အဲဒီတော့ ကျွန်မက ရှိနေတဲ့အနေအထားတွေကို တိုးတက်အောင် လုပ်ချင်ပါတယ်။ အသစ်အသစ် ပြောင်းလဲတာမျိုးကို ကျွန်မသိပ်ပြီးတော့ မဖြစ်ချင်ပါဘူး။ ဒါပေမယ့် တကယ်လက်တွေ့ ကျွန်မလေ့လာကြည့်လိုက်တဲ့အခါမှာ ဥပမာ-အခြေခံပညာရေးဆိုရင် ကျွန်မတို့ ၁၀ တန်းအထိ တက်ခဲ့ရတယ်။ နိုင်ငံတကာမှာက Schooling Years က ၁၂ တန်း ထားကြပါတယ်။ ကျွန်မ စုံစမ်းကြည့်လိုက်တော့ အခြေခံပညာရေးက ဆရာတွေက ပြောတယ်။ သူများနိုင်ငံတွေမှာ ဒီအာဆီယံမှာတောင် Schooling Years 12 Years လုပ်တာ ကျွန်မတို့က နောက်ဆုံးပါပဲတဲ့။ ကျန်တဲ့နိုင်ငံတွေက အကုန်လုပ်ပြီးပါပြီတဲ့။ ကမ္ဘာမှာဆိုရင်လည်း တော်တော်လေး ဖွံ့ဖြိုးမှုနည်းတဲ့ နိုင်ငံနှစ်နိုင်ငံ၊ သုံးနိုင်ငံလောက်ပဲ Schooling Years က 12 Years မဟုတ်တာပါဘဲ။ ကျန်တာက 12 Years ဆိုတော့ ဒါပြောင်းကိုပြောင်းရတော့မယ်။ ကျွန်မတို့အနေအထားက ပြောင်းကိုပြောင်းရတော့မယ်ဆိုရင် မူဝါဒတွေနဲ့အညီ ဥပဒေလိုလာပြီ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကလည်း ပြောထားတယ်။ တကယ်လည်း စနစ်တစ်ခု ပြောင်းတယ်ဆိုရင် ဥပဒေကလိုတယ်။ ဘာလို့လဲဆိုတော့ အရင်ဆုံးကတော့ ဘယ်အလုပ်မဆို မူအရင်ချရတယ်။ အဲဒီမူဝါဒနဲ့ လိုက်လျောညီထွေပြီး မလုပ်မနေရလုပ်ဖြစ်အောင် စနစ်တကျ တိတိကျကျ လုပ်နိုင်အောင်လို့ ဥပဒေတွေရေးဆွဲရပါတယ်။ ဒါကြောင့်မို့လို့ အခြေခံပညာရေးဥပဒေတွေက လိုလာတာပါ။ လိုလာတဲ့အခါကျတော့ ဥပဒေပညာရှင်တွေက ဆွဲကြပါတယ်။ အဲဒါကို ကျွန်မတို့ အမျိုးသားပညာရေးမူဝါဒကော်မရှင်က အဖွဲ့ဝင်လူကြီးတွေက အမြဲတမ်းပဲ လေ့လာဆန်းစစ်ပြီးတော့ လိုအပ်တဲ့ အကြံဉာဏ်တွေ ပေးပါတယ်။ အဲဒီတော့ အခြေခံပညာရေးဥပဒေရော၊ နောက် Private Education ပါ။

### အလေးထားစဉ်းစား

ခုခေတ်မှာမှ Private Education ကို ပိုပြီးတော့ အလေးထားစဉ်းစားပြီးတော့ ကျွန်မတို့က မူဝါဒတွေချရမယ်၊ ဥပဒေတွေရေးဆွဲရမယ်။ ဥပဒေမူကြမ်းတွေကတော့ လွှတ်တော်တော့ရောက်ပါပြီ။ နောက် TVET ပါ။ ဥပဒေတွေရေးဆွဲပြီးရင် ကျွန်မတို့ အမျိုးသားပညာရေးမူဝါဒကော်မရှင်က အဖွဲ့ဝင်တွေက စဉ်းစားပေးပါတယ်။ ဒီခေတ်နဲ့ လိုက်လျောညီထွေဖြစ်ဖို့ Proficiency တိကျဖို့၊ မှန်ကန်ဖို့ပါ၊ အဲဒါတွေအတွက် အလေးထားစဉ်းစားပြီးတော့ အကြံတွေပြုချင်ပါတယ်။ နောက်ပြီးတော့ ကျွန်မတို့ ပညာရေးဝန်ကြီးဌာနရဲ့ ဦးစီးဌာနတွေက ရေးဆွဲရတဲ့သူတွေမှာ တာဝန်ရှိတဲ့ ဒီဥပဒေတွေ ဥပမာ - IP Law (Intellectual Properties Law) အသိဉာဏ်ဆိုင်ရာ ပစ္စည်းနဲ့ဆိုင်တဲ့ အဲဒီမူပိုင် ခွင့်ဥပဒေပါ။ စာပေနဲ့ အနုပညာမူပိုင်ခွင့် အစရှိတဲ့ ဥပဒေတွေကလည်း ပညာရေးဝန်ကြီးဌာနအောက်မှာ ရေးဆွဲနေတဲ့ ဥပဒေတွေဖြစ်တယ်။ ဒီဝန်ကြီးဌာနကနေ လွှတ်တော်ကို တင်တယ်ဆိုရင် ကျွန်မတို့ဆီကို ရောက်လာတော့ ကျွန်မတို့က စဉ်းစားပြီးတော့ အကြံပြုချက်တွေပေးရပါတယ်။ နောက် Higher Education System ကလည်း ဒီ National Education Law၊ 2014 Law၊ 2015 amending Law ရော ဒီအမျိုးသားပညာရေးဥပဒေက ပြောင်းပြီဆိုတော့ ခုနတုန်းက ရှိနေတဲ့ Higher Education Institutions တွေအတွက် လိုအပ်တဲ့ Charter လိုမျိုးတွေ၊ Charter ဆိုတာ ပဋိညာဉ်စာတမ်းလို့တော့ ဘာသာပြန်ကြတယ်။ အဲဒီတော့ တက္ကသိုလ်အလိုက် Charter မျိုးတွေ၊ ဒါတွေကို ကျွန်မတို့ အမျိုးသားပညာရေးမူဝါဒက လူကြီးတွေက စဉ်းစားကြပါတယ်။ နောက်တခြားအလုပ်တွေလည်း အများကြီးပဲ လုပ်ကြပါတယ်။ ဟိုအသက်ကြီးပိုင်းတွေ အများစုပါတဲ့ မူဝါဒကော်မရှင်ဟာ အသက်ကြီးသော်လည်း တကယ့်ကို ကြိုးစားအားထုတ်ပြီးတော့ အမြဲတမ်းလို စဉ်းစားတွေးခေါ် အကြံပြုနေကြပါတယ်။ အဲဒါလေး ပြောချင်ပါတယ်။

**အစီအစဉ်မှူး။** **။အမျိုးသားပညာရေးမူဝါဒကော်မရှင်နဲ့ ကော်မရှင်က ဖွဲ့စည်းပေးထားတဲ့ကော်မတီတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုအပိုင်းကိုလည်း သိချင်ပါတယ်။**

**ဒေါက်တာမျိုးကြွယ်။** ။အမျိုးသားပညာရေးမူဝါဒကော်မရှင်အနေနဲ့ ပညာရေးမူဝါဒတွေကို လိုအပ်သလို ချမှတ်ပေးရပါတယ်။ အဲဒီလို ချမှတ်ရာမှာ သင်ရိုးညွှန်းတမ်းကိစ္စရပ်တွေနဲ့ ပညာအရည်အသွေးဆိုင်ရာ ကိစ္စရပ်တွေနဲ့ပတ်သက်ပြီး သက်ဆိုင်ရာ ကော်မတီတွေရဲ့ အကြံပြုချက်ရယူပြီးတော့ အမျိုးသားပညာရေးမူဝါဒကော်မရှင်က ကျင်းပပြုလုပ်တဲ့ ပညာရပ်ဆိုင်ရာဆွေးနွေးပွဲ (Consultation Meeting) တွေမှာ သက်ဆိုင်ရာ ကော်မတီအဖွဲ့ဝင်တွေကို ဖိတ်ကြားခြင်း၊ ညှိနှိုင်းဆွေးနွေးပွဲတွေကျင်းပပြီး ပညာရေးလုပ်ငန်းများ ဆောင်ရွက်နေတဲ့ ပညာရေးဝန်ကြီးဌာနအပါအဝင် အခြားသော ဝန်ကြီးဌာနများနဲ့ အဖွဲ့အစည်းတွေအတွက် အကြံပြုချက်တွေပေးပို့ရတာ မူဝါဒတွေ ချမှတ်ပေးရာမှာလည်း ကော်မရှင်နဲ့ ကော်မတီတွေရဲ့ လုပ်ငန်းတာဝန်တွေကို အခြေခံပြီး သက်ဆိုင်ရာ Stakeholder တွေရဲ့ အဖွဲ့အစည်းတွေကို အကြံပြုပေးတာတွေ စသဖြင့် ကော်မရှင်နဲ့ ကော်မတီတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်။

**အစီအစဉ်မှူး။** **။NAQAC ရဲ့ ရှေ့ဆက်ဆောင်ရွက်မယ့် လုပ်ငန်းတွေကိုလည်း သိပါရစေရှင့်။**

**ဒေါက်တာမောင်မောင်ဝင့်။** ။ရှေ့ဆောင်ရွက်ဖို့ လုပ်ငန်းတွေကတော့ ယခုလုပ်ကိုင်ဆဲလုပ်ငန်းများကို ဆက်လက်တိုးမြှင့်လုပ်ဆောင်သွားဖို့၊ အခြေခံပညာရေးကဏ္ဍ၊ ပုဂ္ဂလိက ပညာရေးကဏ္ဍများနဲ့ နည်းပညာသက်မွေး Technical Vocational ကဏ္ဍများအတွက်လည်း လိုအပ်သည်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားဖို့၊ အခြေခံပညာမှာ Survey စတင် ဆောင်ရွက်လျက်ရှိပါတယ်။ မိမိတို့ရဲ့ အဓိက Stakeholder များဖြစ်တဲ့ တက္ကသိုလ်၊ ကောလိပ်နဲ့ ကျောင်းတွေ အရည်အသွေးနှင့်စွမ်းဆောင်ရည်မြှင့်တင်ရန် Capacity Building အတွက် ကူညီပေးသည်နှင့်အမျှ မိမိတို့ NAQAC ရဲ့ စွမ်းဆောင်ရည်ကိုလည်း အစဉ်တစိုက် တိုးမြှင့်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

### နည်းလမ်းတွေချမှတ်

နိဂုံးချုပ်ပြောချင်တာတစ်ခုကတော့ NAQAC ရဲ့ အဓိကရည်ရွယ်ချက်ပါ။ ဒါကတော့ နိုင်ငံတွင်းမှာရှိတဲ့ ကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များနဲ့ ပညာရေးနယ်ပယ်များမှာ ပညာအရည်အသွေး တိုးတက်မြင့်မားလာဖို့၊ ဒီတိုးတက်လာတဲ့ ပညာအရည်အသွေးနဲ့ အဆင့်အတန်းကို တစိုက်မတ်မတ် ထိန်းသိမ်းစောင့်ရှောက်ဖို့၊ မိမိတို့ ပညာအရည်အသွေးနဲ့ အဆင့်အတန်းကို မိမိတို့ အာမခံနိုင်ဖို့ ဒီလိုရည်ရွယ်ချက်နဲ့ လုပ်တဲ့နေရာမှာ

**စာမျက်နှာ ၁၃ သို့ ❖**

> **သင်ရိုးညွှန်းတမ်းဖော်ဆောင်တဲ့အခါမှာ ပြည်သူလူထုရဲ့ သဘောထားမှတ်ချက်ကိုသိရှိအောင် ကျွန်တော်တို့ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီက ကွင်းဆင်းပြီးတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အချို့မှာ သူတို့ရဲ့သဘောထားမှတ်ချက်တွေလည်း မေးမြန်းခဲ့ပါတယ်။**



Congratulations

KANTHARYAR CENTRE

Office Tower, Serviced Apartment, Residence
&
Wyndham Grand Yangon Hotel

8.1.2019 နေ့တွင် ဖွင့်လှစ်နိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် စီးပွားတိုးတက်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

GENERAL Air Conditioners FUJITSU GENERAL LIMITED

armacell MAKING A DIFFERENCE AROUND THE WORLD

SINGMAR Engineering Private Limited

# ကက်စပီယန်ပင်လယ်အတွင်း ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်ရန် အီရန်နှင့် ရုရှားရေတပ် စီစဉ်

**တီဟီရန် ဇန်နဝါရီ ၇**

အီရန်နှင့် ရုရှားရေတပ်တို့သည် ကက်စပီယန်ပင်လယ်အတွင်းတွင် ပူးတွဲစစ်ရေးလေ့ကျင့်ရန် စီစဉ်လျက်ရှိကြောင်း အီရန်ရေတပ်မှ တပ်မှူးကြီးတစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

နည်းဗျူဟာပိုင်း၊ ကယ်ဆယ်ရေးအပိုင်းနှင့် ပင်လယ်ဓားပြရန် ကာကွယ်ရေးအစီအစဉ်များအတွက် ရုရှားနှင့် အီရန် ရေတပ်အကြား ပူးတွဲလုပ်ငန်းစဉ်များနှင့် မဝေးတော့သည့် အနာဂတ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ပြုလုပ်လိမ့်မည်ဖြစ်ကြောင်း ရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ဟော့စိန်ကန်ဇဒီး၏ ပြောကြားချက်ကို ကိုးကား၍ အီရန်သတင်းအေဂျင်စီက သတင်းဖော်ပြထားသည်။

နှစ်ဖက်စစ်ရေးပူးတွဲလေ့ကျင့်မှုသည် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုကျယ်ပြန့်လာနိုင်ကြောင်းနှင့် ရေပြင်ကာကွယ်ရေးတွင် ပိုမိုအဆင့်မြင့်မားသည့် မဟာဗျူဟာနှင့် နည်းလမ်းများဆီသို့ ဦးတည်နေကြောင်း ကန်ဇဒီးက ပြောသည်။

အဆိုပါ ကက်စပီယန်ပင်လယ် ဒေသတွင်းနိုင်ငံများအနေဖြင့် ကောင်းမွန်သည့် ဆက်ဆံရေးအားကြာရှည်စွာ တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုအချိန်တွင် ဒေသတွင်းနိုင်ငံများအနေဖြင့် အစဉ်အလာဆက်ဆံမှုပုံစံများကို ကောင်းစွာ အပြန်အလှန်နားလည်ကြပြီဖြစ်ကြောင်းနှင့် ကက်စပီယန်ပင်လယ်သည် အလုံးစုံကုန်းတွင်းပိတ်ဖြစ်သည့်အတွက် ဒေသတွင်းနိုင်ငံများအနေဖြင့် လုံခြုံရေးကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ကန်ဇဒီးက ထပ်လောင်းပြောကြားခဲ့သည်။

ကက်စပီယန်ပင်လယ်တွင် နှစ်နိုင်ငံရေတပ်စစ်ရေးပူးတွဲလေ့ကျင့်ခြင်းမှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ်မဟုတ်ကြောင်း သိရသည်။ နှစ်နိုင်ငံရေတပ်စစ်ရေးပူးတွဲလေ့ကျင့်ခြင်းများကို ၂၀၁၅ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များတွင်လည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



# တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံမှ ကုန်သွယ်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးသူများ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေး

**ပေကျင်း ဇန်နဝါရီ ၇**

ကမ္ဘာပေါ်တွင် စီးပွားရေးအင်အားအကြီးမားဆုံး နှစ်နိုင်ငံဖြစ်သည့် အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေးဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းနိုင်ရန် ရည်ရွယ်၍ နှစ်နိုင်ငံအကြားဖြစ်ပွားနေသည့် စီးပွားရေးစစ်ပွဲကို ယာယီရပ်ဆိုင်းရန် သဘောတူညီခဲ့ပြီးနောက် နှစ်နိုင်ငံကုန်သွယ်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးသူများ၏ ပထမဆုံးအကြိမ် မျက်နှာချင်းဆိုင် ဆွေးနွေးမှုကို ဇန်နဝါရီ ၇ ရက်တွင် ပေကျင်းမြို့၌ ပြုလုပ်ခဲ့သည်ဟု အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့အား ဒုတိယကုန်သွယ်ရေးဝန်ကြီး ဂျက်ဖရီဂါးရစ်ခ်ျက ဦးဆောင်ခဲ့ပြီး နံနက်ပိုင်းတွင် ပေကျင်းမြို့ရှိ ဟိုတယ်မှ ထွက်ခွာရာ၌ ပထမနေ့ဆွေးနွေးမှုနှင့် ပတ်သက်၍ သတင်းထောက်များအား ၎င်းက တစ်စုံတစ်ရာပြောကြားခြင်း မရှိပေ။

တရုတ်နှင့် အမေရိကန်ညှိနှိုင်းဆွေးနွေးသူများသည် ဇန်နဝါရီ ၈ ရက်တွင် ဆက်လက်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန် အစီအစဉ်ရှိသည်။

တရုတ်နိုင်ငံ ပေကျင်းမြို့သို့ လာရောက်သည့် အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့တွင် ဘဏ္ဍာရေး၊ ကုန်သွယ်ရေး၊ လယ်ယာစိုက်ပျိုးရေးနှင့် စွမ်းအင်ဌာနများမှ တာဝန်ရှိသူများပါဝင်ကြသည်။

**အေအက်ဖ်ပီ**




# အမေရိကန် ယူအက်စ်အက်စ်ကိုးလ်အား တိုက်ခိုက်မှု၌ပါဝင်သည်ဟု သံသယရှိသူ ယီမင်၌ လေကြောင်းစီးနင်းတိုက်ခိုက်မှုတွင် သေဆုံးဟုဆို

**ဝါရှင်တန် ဇန်နဝါရီ ၇**

၂၀၀၀ ပြည့်နှစ်အတွင်းက ယီမင်နိုင်ငံတွင် ဖြစ်ပွားခဲ့သည့် အမေရိကန်ရေတပ်မှ ဖျက်သင်္ဘော ယူအက်စ်အက်စ်ကိုးလ်အား လူအသေအပျောက်များသည့် ဗုံးခွဲတိုက်ခိုက်မှုတွင် ပါဝင်သည်ဟုသံသယရှိသူ အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့ဝင်ဟောင်းသည် သေဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ယီမင်နိုင်ငံတွင် ယခုနှစ် ဇန်နဝါရီ ၁ ရက်က ပြုလုပ်ခဲ့သည့် လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုတွင် ဂျမဲလ်အယ်လ်ဘာဒါဝီ အမည်ရှိ ယင်းသံသယရှိသူ သေဆုံးသွားကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၆ ရက်တွင် အတည်ပြုခဲ့သည်။

၂၀၀၀ ပြည့်နှစ် အောက်တိုဘာလအတွင်းက ဖြစ်ပွားခဲ့သော အမေရိကန်ရေတပ်ဖျက်သင်္ဘော ယူအက်စ်အက်စ်ကိုးလ်အား အသေခံဗုံးခွဲတိုက်ခိုက်မှုတွင် ဘာဒါဝီပါဝင်ခဲ့ကြောင်း အမေရိကန်ပြည်ထောင်စုတရားစီရင်ရေးအဖွဲ့က စွဲချက်တင်ခဲ့သည်။ ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသည့် မော်တော်တစ်စင်းအား အမေရိကန်ဖျက်သင်္ဘော ယူအက်စ်အက်စ်ကိုးလ်ထံ အတင်းဝင်ရောက်မောင်းနှင်ကာ ဖောက်ခွဲခဲ့ခြင်းကြောင့် ရေတပ်သား ၁၇ ဦး သေဆုံးခဲ့ရသည်။

ယူအက်စ်အက်စ်ကိုးလ်အား သူရဲဘောကြောင်စွာ တိုက်ခိုက်ခဲ့မှုကြောင့် သူရဲကောင်းများ သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရခဲ့ခြင်းအတွက် မိမိတို့၏ကြီးမားသော စစ်ရေးအင်အားက တရားမျှတမှုကို ဖော်ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုအား ဦးဆောင်ခဲ့သူကို မိမိတို့သတ်ဖြတ်ခဲ့ပြီးဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ၎င်း၏တွစ်တာစာမျက်နှာတွင် ရေးသားခဲ့သည်။ ယူအက်စ်အက်စ်ကိုးလ်အား တိုက်ခိုက်မှုတွင် ပါဝင်ခဲ့ခြင်းကြောင့် ဘာဒါဝီအား ယီမင်အာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းထားခဲ့သော်လည်း ၎င်းသည် ၂၀၀၆ ခုနှစ်တွင် အကျဉ်းထောင်မှ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

၎င်းအား ပြန်လည်ဖမ်းဆီးရမိရေးအတွက် သတင်းပေးနိုင်သူအား အမေရိကန်ဒေါ်လာငါးသန်းပေးအပ်မည်ဟု အမေရိကန်တရားရေးဆိုင်ရာ အာဏာပိုင်များက ဆုငွေထုတ်ခဲ့သည်။

ယီမင်နိုင်ငံတွင် အမေရိကန်က ပြုလုပ်ခဲ့သော လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုအတွင်း ဖျက်သင်္ဘော ယူအက်စ်အက်စ်ကိုးလ်အား တိုက်ခိုက်မှု၌ ချိတ်ဆက်ပါဝင်သည်ဟု သံသယရှိသူ အခြားအယ်လ်ခိုင်ဒါအဖွဲ့ဝင်ဟောင်းအချို့လည်း သေဆုံးခဲ့သည်။ **အင်န်အိတ်ချ်ကေ**





# အင်ဒိုနီးရှားနိုင်ငံ အရှေ့ဘက်ကမ်းလွန်၌ အင်အားပြင်းငလျင်လှုပ်၊ ဆူနာမီသတိပေးချက် ထုတ်ပြန်ခြင်းမရှိ

**ဂျကာတာ ဇန်နဝါရီ ၇**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဘက်ကမ်းလွန်တွင် ဇန်နဝါရီ ၇ ရက် နံနက်အစောပိုင်းက အင်အားပြင်းထန်သည့် မြေငလျင်လှုပ်ခဲ့ကြောင်း၊ ယင်းမြေငလျင်လှုပ်မှုကြောင့် ဆူနာမီဖြစ်ပေါ်ဖွယ်မရှိကြောင်း အင်ဒိုနီးရှားမိုးလေဝသနှင့် ဘူမိရူပဌာနက ထုတ်ဖော်ပြောကြားခဲ့သည်။

ဇန်နဝါရီ ၇ ရက် ဂျကာတာစံတော်ချိန် နံနက် ၀၀း၄၇ နာရီက ယင်းမြေငလျင်လှုပ်ခဲ့ခြင်းဖြစ်ပြီး မြေငလျင်မှာ မြောက်မာလူကူပြည်နယ် အနောက်မြောက်ဘက် ၁၄၆ ကီလိုမီတာအကွာရှိ ဟဲလ်မာဟီရာဒေသပင်လယ်ကမ်းလွန်၏ ပင်လယ်ကြမ်းပြင်မြေအောက် ၁၀ ကီလိုမီတာကို ဗဟိုပြုလှုပ်ခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားမိုးလေဝသနှင့် ဘူမိရူပဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ယူဆွတ်ခါလီဒါအလီက ပြောကြားသည်။

၎င်းငလျင်လှုပ်ခတ်မှုနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် ဆူနာမီသတိပေးချက် ထုတ်ပြန်ခြင်းမရှိကြောင်း ၎င်းက ဆင်ဟွာသတင်းဌာနသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားသည်။

**ဆင်ဟွာ**

# မက်ဆီနှင့် ဆွာရတ်ဇ်တို့၏ သွင်းဂိုးများဖြင့် ဂီတာဖေးကို အနိုင်ရ အေတီမက်အသင်းကို ငါးမှတ်ဖြတ်ကာ ဘာစီလိုနာအသင်း ထိပ်ဆုံး၌ ဆက်လက်ဦးဆောင်



ဘာစီလိုနာအသင်းဟာ စပိန်လာလီဂါပွဲစဉ် ၁၈ အဖြစ် ဂီတာဖေးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာမှာ ဘာစီလိုနာအသင်းက ဂီတာဖေးအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဘာစီလိုနာအသင်းဟာ မက်ဆီ၊ ဆွာရတ်ဇ်၊ ဒမ်ဘီလီ၊ ရာကီတစ်၊ အာသာ၊ ဗီဒယ်၊ ရောဘတ်တို၊ ပီကေး၊ လန်းလက်၊ ဂျော်ဒီအယ်လ်ဘာ စသည့် ကစားသမားများကို ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့ပြီး ဂီတာဖေးအသင်းမှာမူ ဂျေမီမာတာ၊ အန်ဂျယ်ရိုဒရီဂွက်ဇ်၊ ပေါ်တီလို၊ အေရမ်ဘာရီ၊ မာဆီမိုဗစ်၊ ဖော်ကွီယာ၊ အမ်တူနက်စ်၊ ကာဘရီရာ၊ ဒီဂျီနီ၊ ဒါမီယန်ဆွာရတ်ဇ် စသည့်ကစားသမားများကို ၄-၄-၂ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့ပါတယ်။

ဂီတာဖေးအသင်းနဲ့ ဘာစီလိုနာအသင်းတို့ရဲ့ ပွဲစဉ်မှာ ဘာစီလိုနာအသင်းဟာ ပွဲကစားချိန် မိနစ် ၂၀ မှာ မက်ဆီရဲ့သွင်းဂိုး၊ ပွဲကစားချိန် ၃၉ မိနစ်တို့မှာ ဆွာရတ်ဇ်ရဲ့ သွင်းဂိုးတို့နဲ့ နှစ်ဂိုးပြတ်ဦးဆောင်နိုင်ခဲ့တာဖြစ်ပြီး ပွဲကစားချိန် ၄၃ မိနစ်မှာ ဂီတာဖေးအသင်းက ချေပဂိုးတစ်ဂိုး ရရှိခဲ့ပါတယ်။ နှစ်သင်းစလုံးဟာ နောက်ထပ်သွင်းဂိုးတွေ ထပ်မံရရှိဖို့ အကြိတ်အနယ်ကြိုးပမ်းခဲ့ပေမယ့် ဂိုးထပ်မံသွင်းယူနိုင်ခဲ့ခြင်းမရှိခဲ့တာမို့ ဘာစီလိုနာက ဂီတာဖေးကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ဘာစီလိုနာအသင်းက နိုင်ပွဲရယူနိုင်ခဲ့တာမို့ ၁၈ ပွဲကစားအပြီးမှာ ရမှတ် ၄၀ အထိစုဆောင်းနိုင်ခဲ့ပါတယ်။ အမှတ်ပေးဇယားရဲ့ ဒုတိယနေရာမှာ ရပ်တည်နေတဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းကတော့ အမှတ်ပေးဇယားရဲ့ တတိယနေရာက ဆီဗီလာနဲ့ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် ရမှတ် ၃၅ မှတ်သာ ရရှိထားပြီး ဘာစီလိုနာအသင်းက အက်သလက်တီကို မက်ဒရစ်အသင်းကို ငါးမှတ်ဖြတ်ထားနိုင်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

❖ စာမျက်နှာ ၁၁ မှ

ကျွန်တော်တို့ NAQAC က စံချိန်စံညွှန်းတွေ သတ်မှတ်ပေးတယ်။ လိုအပ်တဲ့နည်းလမ်းတွေ ချမှတ်ပေးတယ်။ ဒီလို ကျွန်တော်တို့က စစ်ဆေးအကဲဖြတ်ပေးခြင်းအားဖြင့် Quality တက်လာအောင် ကူညီဆောင်ရွက်လျက် ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ရဲ့ အဓိကရည်ရွယ်ချက်က အရည်အသွေးပြည့်ဝတဲ့ ပညာရေးနဲ့ နိုင်ငံရဲ့ လူမှုစီးပွားတိုးတက်ဖြစ်ထွန်းရေးနဲ့ ဤမှသည် နိုင်ငံတကာအလယ်မှာ ကောင်းမွန်တဲ့ပုံရိပ်နဲ့ ရပ်တည်နိုင်ရန် ဖော်ဆောင်ပေးဖို့ NAQAC အနေနဲ့ တာဝန်ယူလုပ်ဆောင်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

**အစီအစဉ်မှူး။ ။ အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီရဲ့ ရှေ့ဆက်ဆောင်ရွက်မယ့်လုပ်ငန်းတွေကိုလည်း ပြောပြပေးပါဦး။**

**ဒေါက်တာမြင့်ဆွေ။** ။ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီကတော့ သင်ရိုးညွှန်းတမ်းနဲ့ဆိုင်တဲ့ ကျောင်းသုံးစာအုပ်နဲ့ ဆရာလမ်းညွှန်တွေကို အဓိကတည်းဖြတ်ပြင်ဆင်ပေးပါတယ်။ ဒါ့အပြင် ပညာရေးဝန်ကြီးဌာနနဲ့ အမျိုးသားပညာရေးမူဝါဒကော်မရှင်ကနေ တာဝန်ပေးအပ်လာတဲ့အခါမှာ ပညာရေးဝန်ကြီးဌာနကနေ တောင်းခံလာတဲ့ သဘောထားမှတ်ချက်တွေ ရှိပါတယ်။ အဲဒီ NCC နဲ့ဆိုင်တဲ့ သဘောထားမှတ်ချက်တွေက ဒုတိယ တော်တော်များများ လုပ်ပေးရပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ရဲ့ သင်ရိုးညွှန်းတမ်းအသစ်ကို ဖော်ဆောင်တဲ့အတွက်ကြောင့် သင်ရိုးညွှန်းတမ်း ဖော်ဆောင်တဲ့အခါမှာ ပြည်သူလူထုရဲ့ သဘောထားမှတ်ချက်ကိုသိရှိအောင် ကျွန်တော်တို့ အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီက ကွင်းဆင်းပြီးတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အချို့မှာ သူတို့ရဲ့သဘောထားမှတ်ချက်တွေလည်း မေးမြန်းခဲ့ပါတယ်။ ဘာသာရပ်တွေ သင်ကြားရတာ ဘာအခက်အခဲရှိသလဲ၊ သင်ရိုးညွှန်းတမ်းအသစ်ပေါ်မှာ ကြိုက်နှစ်သက်မှု ရှိ၊ မရှိ စသည်ဖြင့် ဆရာ ဆရာမတွေကို မေးခွန်းတွေ မေးပါတယ်။ ကျောင်းသားမိဘတွေကို မေးပါတယ်။ မေးပြီးတော့ ဒီသင်ရိုးညွှန်းတမ်းအပေါ်မှာကတော့ အားလုံးနှစ်သက်တဲ့ အနေအထားကို အများကြီးတွေ့ပါတယ်။ ပြောင်းလဲမှုကို သဘောကျလို့ ဖြေကြတာလို့ တွေ့ရပါတယ်။ အဲဒါတွေက ကျွန်တော်တို့ရဲ့ ကော်မတီအတွက်လည်း အထောက်အကူပြုတယ်။ ပြန်ပြီးရေးသားတဲ့ သူတွေအတွက်လည်း ဒီကမေးမြန်းတဲ့အချက်တွေက အထောက်အကူပေးနိုင်တာ ဖြစ်ပါတယ်။

## စိစစ်တည်းဖြတ်

နောက်တစ်ခုကတော့ ပညာရေးဝန်ကြီးဌာနက စီမံခန့်ခွဲမှု လုပ်ဆောင်နေတဲ့အခါမှာ တကယ်လက်တွေ့ရတဲ့ လုပ်ဆောင်ချက်တွေကို ဖြေကြားတဲ့အချက်တွေကို ကြားသိရင် ပညာရေးဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲရေးကို အထောက်အကူပြုနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ကွင်းဆင်းလေ့လာခြင်းတွေလည်း ဆောင်ရွက်နေပါတယ်။ အကြံဉာဏ်ပေးခဲ့တာလည်းရှိပါတယ်။ ရှေ့ဆက်ပြီးတော့ KG+Grade 12 က ပညာသင်နှစ်အလိုက် ပြဋ္ဌာန်းထားမယ့် စာအုပ်တွေကို အချိန်မီပြီးဖို့အတွက် သင်ရိုးညွှန်းတမ်းစာအုပ်တွေနဲ့ ဆရာလမ်းညွှန်စာအုပ်တွေကို အချိန်မီပြီးစီးဖို့ကို ဆရာကြီး ဆရာမကြီးများက နေ့စဉ်ရက်ဆက် စိစစ်တည်းဖြတ် ဆောင်ရွက်နေပါတယ်။ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့လည်း ညှိနှိုင်းဆောင်ရွက်နေပါတယ်။

**အစီအစဉ်မှူး။ ။ အမျိုးသားပညာရေး ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ လက်ငင်းဦးစားပေးဆောင်ရွက်နေတဲ့ အကြောင်းအရာတွေကိုလည်း အများပြည်သူသိအောင် ရှင်းပြပေးပါဦးရှင့်။**

**ဒေါက်တာခင်မာရီ။** ။ အခုလက်ငင်းဆောင်ရွက်နေတာကတော့ Basic Education နဲ့ ပတ်သက်တဲ့ အခြေခံပညာရေးဥပဒေပါ။ အခြေခံပညာရေးဥပဒေကို အခုလွှတ်တော်မှာဆွေးနွေးနေကြပါပြီ။ ကျွန်မတို့လည်း အကြံပြုပြီးပါပြီ။ အဲဒီတော့ အဲဒီအခြေခံပညာရေးဥပဒေရယ်၊ နောက်ပြီးတော့ TVET Law ပါ။ အဲဒီတော့ နည်းပညာ၊ သက်မွေးနဲ့ပတ်သက်တဲ့ ဥပဒေရယ်၊ နောက် ပုဂ္ဂလိကကျောင်းတွေနဲ့ပတ်သက်တဲ့ ဥပဒေရယ် အဲဒါတွေ အကုန်လုံးက ဒီအမျိုးသားပညာရေးဥပဒေမှာ အသိအမှတ်ပြုထားတဲ့ ကျောင်းတွေ၊ ကျောင်းအမျိုးအစားတွေနဲ့ပတ်သက်တဲ့ လိုအပ်တဲ့ဥပဒေပြဋ္ဌာန်းချက်တွေ လိုအပ်တဲ့အတွက်ကြောင့် အသစ်တွေရေးဆွဲထားတာ ဖြစ်ပါတယ်။ အဲဒီ အသစ်တွေရေးဆွဲထားတာအတွက် တစ်ပြိုင်နက် အဆင်သင့် ဒီကျောင်းတွေမှာ Adaptable ဖြစ်အောင်၊ ဒီဥပဒေနဲ့အညီ စခန်းသွားနိုင်အောင် ကျွန်မတို့ စဉ်းစားတွေးခေါ်ပြီးတော့ အကြံတွေပြုပါတယ်။ ဒါက Law တွေပါ။

## အကြံပြုချက်တောင်းလာ

နောက် Education Service ကို Provide လုပ်နေတာက ကျွန်မတို့ ပညာရေးဝန်ကြီးဌာနတစ်ခုတည်း မဟုတ်ပါဘူး။ စိုက်ပျိုးရေးနဲ့ဆည်မြောင်းမျိုးစုံပါ။ MNU တို့ Maritime University တို့ စသဖြင့် အများကြီးပဲ။ ဘုန်းကြီးကျောင်းပညာရေးလည်း ရှိတာပဲ။ အဲဒီလိုမျိုး ပညာရေးတွေ အကုန်လုံးအတွက်လည်း ကျွန်မတို့ ပညာရေးမူဝါဒကော်မရှင်က Concern ဖြစ်ပါတယ်။ ရေနဲ့ဆည်မြောင်းမျိုးစုံပါ။ အဲဒီကနေ အကြံပြုချက်တွေ တောင်းလာလို့ရှိရင်လည်း ကျွန်မတို့ပေးပါတယ်။ အခု လက်ငင်းကတော့ အဲဒီ Charter ပဋိညာဉ်စာတမ်းကို တက္ကသိုလ်အလိုက် Autonomy ပေးမယ်။ Autonomy ပေးမယ် ဆိုတာကလည်း ကျွန်မတို့ ဒါအမျိုးသားပညာရေးဥပဒေအရ ပေါ်ပေါက်လာတဲ့ဟာပါ။ Autonomy က ကျွန်မတို့ရဲ့ တိုင်းပြည်မှာ နည်းနည်းတော့ အသစ်သဘောမျိုးရှိတယ်။

Financial Autonomy တို့၊ Academic Autonomy တို့၊ ဒါပေမယ့် Academic Autonomy ကတော့ တော်တော်များများရခဲ့ပါတယ်။ ရခဲ့ပေမယ့်လည်း ဒါက Special Provision အနေနဲ့ ပါလာပြီဆိုတော့ ကျွန်မတို့ ဒါအတွက် လိုအပ်တဲ့အနေအထားတွေ၊ လိုအပ်တဲ့ သတ်မှတ်ချက်တွေ၊ စည်းမျဉ်းတွေ၊ အကြံပြုစာတွေ၊ အကြံပြုချက်တွေ၊ သဘောထားမှတ်ချက်တွေ ဒါမျိုးတွေကို ကျွန်မတို့ အမြဲတမ်းစဉ်းစားနေရပါတယ်။ Law နဲ့ ပတ်သက်ပြီးတော့ပါ။ အဲဒါတွေအပြင် ကျွန်မပြောချင်တာကတော့ ကိစ္စအများကြီးက စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်တွေ လိုမယ်၊ ဥပဒေတွေလိုမယ်။ စနစ်က ပြောင်းသွားတာကိုး။ စနစ်က ပြောင်းလဲတဲ့အတွက်ကြောင့် လိုအပ်လာတဲ့ ဒီဥပဒေတွေ ရေးဆွဲတာတွေကို ဒီပညာရေးမူဝါဒကော်မရှင်အဖွဲ့ဝင်တွေရယ်၊ ကော်မတီသုံးရပ်က အဖွဲ့ဝင်တွေရယ် အကုန်လုံးကြိုးစားပမ်းစားဆောင်ရွက်ပြီးတော့ ဒီပညာရေးရဲ့ အဓိပ္ပာယ်ဖြစ်တဲ့ ဘက်စုံ၊ အယူအဆ၊ အတွေးအခေါ် မှန်ကန်ပြီးတော့ အကျင့်စာရိတ္တကောင်းတဲ့ နိုင်ငံတော်အတွက် အကျိုးရှိမယ့် ခေတ်မီပညာရေးစနစ် တည်ဆောက်ဖို့အတွက် ဒီလူတွေက အကုန်လုံးဝိုင်းဝန်းပြီးတော့ ကြိုးစားအားထုတ်နေပါတယ်လို့ ပြောချင်ပါတယ်။

**အစီအစဉ်မှူး။ ။ အမျိုးသားပညာရေး မူဝါဒ ကော်မရှင်ရဲ့ ရှေ့ဆက်ဆောင်ရွက်မယ့် လုပ်ငန်းအစီအစဉ်တွေကို နိဂုံးချုပ်အနေနဲ့ ပြောပြပေးစေလိုပါတယ်။**

**ဒေါက်တာမျိုးကြွယ်။** ။ ကျွန်တော်တို့ အမျိုးသားပညာရေးမူဝါဒကော်မရှင် အင်္ဂလိပ်လိုကတော့ National Education Policy Commission(NEPC) က Autonomy၊ Transfers System၊ Promotion လိုဟာမျိုး Promotion System လိုမျိုးတွေမှာ ဒါတွေကို အကြံပြုပေးတာပါ။ သုတေသနကို ဇောင်းပေးနေတဲ့ တက္ကသိုလ်တွေရှိတယ်။ ကျွန်တော်တို့ကတော့ တိုင်းပြည်အတွက် လိုအပ်ချက်ကို အကြံပြုမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဘုန်းတော်ကြီးသင်ပညာရေး Vocational စသည်ဖြင့် နိုင်ငံတကာနဲ့ပတ်သက်တဲ့ Development Partner နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ တွေ့ပြီးတော့ သူတို့ရဲ့ အကြံဉာဏ်တွေရယူပြီး တိုင်းပြည်အတွက် လုပ်နေပါတယ်။ ကော်မရှင်က ဆရာကြီး ဆရာမကြီးတွေနဲ့ အများကြီးဖွဲ့စည်းထားပါတယ်။ အတွေ့အကြုံက အများကြီးရှိတဲ့အတွက် ကျွန်တော်တို့ ကော်မတီတွေ တချို့က NEPC ဘာလုပ်နေလဲ၊ NCC ဘာလုပ်နေလဲ မေးကြပါတယ်။ မေးတဲ့အခါမှာ ကျွန်တော်တို့က အခုလို သတင်းစာကရော၊ Television ကရော၊ လွှတ်တော်ကရော ကျွန်တော်တို့ လုပ်ငန်းတွေကို စဉ်ဆက်မပြတ် သိအောင်ပြောသွားပါမယ်။ ကျေးဇူးတင်ပါတယ်။



# ဖားကန့်မြို့နယ်၌ တရားမဝင် ကျောက်စိမ်းအရိုင်းတုံး ၅၉၀ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၇**
ဖားကန့်မြို့နယ် ကာမိုင်းမြို့ ဖားကန့်-မိုးကောင်း ကားလမ်း လဝါးပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ကျောက်စိမ်းအရိုင်းတုံးများ သယ်ဆောင်လာကြောင်း သတင်းအရ တပ်မတော်သားများ၊ ကာမိုင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့တို့က ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၂ နာရီတွင် ဖားကန့်မှ ကာမိုင်းသို့ မောင်းနှင်လာသည့် ယာဉ်အား တားဆီးစစ်ဆေးစဉ် ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ ကာမိုင်းမြို့ အင်းတော်ချောင်းတံတား၌ ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးချက်အရ ယာဉ်မောင်းမှာ မိုးကောင်းမြို့ ရွာသစ်ရပ်ကွက်နေ သန့်ဇင်အောင်ဖြစ်ပြီး ယာဉ်၏ကိုယ်ထည်ကြမ်းခင်းအတွင်း အံဝှက်ပြုလုပ်သယ်ဆောင်လာသည့် တရားမဝင် ကျောက်စိမ်းအရိုင်းတုံးအရွယ်စုံ ၅၉၀ (အလေးချိန် ၂၂၀၀ ကီလိုခန့်)အား တွေ့ရှိသိမ်းဆည်း ရမိခဲ့သောကြောင့် သန့်ဇင်အောင်အား ကာမိုင်းနယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

■

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)တွင် မူးယစ်ဆေးဝါးများ ရှာဖွေတွေ့ရှိ

**ရန်ကုန် ဇန်နဝါရီ ၇**
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သတင်းအရ ဇန်နဝါရီ ၆ ရက် ည ၁၀ နာရီ ၄၅ မိနစ်ခန့်က အမှတ်(၉၄)ရပ်ကွက်(စီ)အင်ကြင်းလမ်းရှိ နိုင်ငြိမ်း၏ နေအိမ်တိုက်ခန်းအား ဝင်ရောက်ရှာဖွေရာ နေအိမ်တွင် နိုင်ငြိမ်း၊ မဇင်မာတင်၊ သက်နောင်ထွန်း(ခ)ယူနွတ်တို့ သုံးဦးအား တွေ့ရှိပြီး နေအိမ်မှ WY စာတန်းပါ (ပန်းရောင်)စိတ်ကြွဆေးပြား ၅၀၂ ပြား၊ ဆေးခြောက် သုံးကျပ်သား၊ ငှက်ကြီးတောင်ဓား နှစ်ချောင်း၊ ဓားဦးချွန်ခေါက်ဓား သုံးချောင်းနှင့် မူးယစ်ဆေးဝါးရောင်းချ ရရှိငွေကျပ် ၂၂၉၀၀၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ရှာဖွေတွေ့ရှိခဲ့သည်။

သို့ဖြစ်၍ နိုင်ငြိမ်း၊ ဇင်မာတင်နှင့် သက်နောင်ထွန်း(ခ)ယူနွတ်တို့အား ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

# ပျဉ်းမနားမြို့ ဘောဂသိဒ္ဓိရိကားဝင်းရှိ ယာဉ်ပြင်အလုပ်ရုံတွင် ဝရိန်ဆော်ရာမှ မီးလောင်မှုဖြစ်

**နေပြည်တော် ဇန်နဝါရီ ၇**
နေပြည်တော် ပျဉ်းမနားမြို့ ဘောဂသိဒ္ဓိရိကားဝင်းအတွင်းရှိ ယာဉ်ပြင်အလုပ်ရုံတစ်ရုံတွင် ယာဉ်တစ်စီး ဝရိန်ဆော်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၂ နာရီတွင် ပျဉ်းမနားမြို့ ဘောဂသိဒ္ဓိရိကားဝင်း "ဆန်းလိုက်" ကားဆေးဘော်ဒီဆိုင်၌ ခြောက်ဘီးယာဉ်အား ဝရိန်ဆော်ရာမှ မီးလောင်ခဲ့ကြောင်း သိရှိရပြီး ပျဉ်းမနားမြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်သူရကျော် (ဦးစီး)၊ မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးတို့က မီးသတ်ယာဉ်သုံးစီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုနှင့်ပတ်သက်၍ ပျဉ်းမနားမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းမင်းလတ်(ရုပ်ဗေဒ)**




## မြန်မာ့ရုပ်မြင်သံကြား

**၈-၁-၂၀၁၉ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | "သမိုင်းထဲက ကျောက်စာများ" |
| ၈း၃၅ | "ဆင်ခြေထောက်ရောဂါကင်းဝေးရေး သန်ချဆေးပေါင်းတိုက်ကျွေးပေး" (အပိုင်း-၁) |
| ၉း၁၀ | ရာဇဝင်ထဲက သမိုင်းအနုပညာ (အင်းဝတံတား) |
| ၉း၃၀ | မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ် |
| ၁၀း၃၀ | ဉပဒေရေးရာအဖြာဖြာ "အညော်ဆိုတာ" (ဒိတ်ဒိတ်၊ ဦးစံပေါ်၊ ကိုချစ်ဦး၊ တော်မီလှိုင်၊ သူရ၊ ခင်ဖြူဖြူသန့်၊ ဒေါ်အမာကြည်၊ မသန္တာ၊ ဒေါ်မို့မို့သိန်း)[ဒါရိုက်တာ-ဝေဠု(ဝသန်)] |
| ၁၁း၃၀ | "ကျန်းမာသန်ထွားညဏ်မြင့်မား" |
| ၁၂း၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ"မဟာကာလီ" (အပိုင်း-၇၂) |
| ၁၃း၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ"မျဉ်းဖြောင့်တစ်ကြောင်းရဲ့မှတ်တမ်း" (အပိုင်း-၁၀) |
| ၁၄း၁၀ | Yes or No Talk Show |
| ၁၄း၃၀ | "မှော်ဝင်နှလုံးသား" |

**ညပိုင်း**

| | |
|---|---|
| ၁၆း၃၅ | "၂၀၁၉ ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်စာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာ"(အင်္ဂလိပ်စာဘာသာရပ်) |
| ၁၇း၀၅ | ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး "သဘာဝနှင့် မွေ့လျော်ကြသူများ မျှင်ငါးပိလုပ်ငန်း" |
| ၁၇း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း |
| ၁၈း၃၅ | "ဓနုဒေသအကအလှ ဓနုဓလေ့သဘာဝ" |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၇၃) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | ပညာရေးစကားဝိုင်း"ကျောင်းသား၊ ကျောင်းသူများ သုတေသနအခြေပြုသင်ယူခြင်းကို အခြေခံပညာမှစ၍ တက္ကသိုလ်အထိဆောင်ရွက်ရန်" -အနုပညာခန်းရိပ်သာ "အလင်္ကာကျော်စွာ ရွှေမန်းတင်မောင် နှစ်(၁၀၀)ပြည့် အောက်မေ့ဖွယ်ရာအထိမ်းအမှတ်ဂုဏ်ပြုပွဲ" (အပိုင်း-၂) -နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးသခင်" (အပိုင်း-၃၁) -အစီအစဉ်ပြီး၏။ |

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၇**
ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ဇန်နဝါရီ ၆ ရက်က စစ်ဆေးမှုများဆောင်ရွက်စဉ် Nissan AD Van ယာဉ်တစ်စီး၊ Honda CIVIC ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် အဝတ်အထည် ခြောက်ထုပ် (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၇ သန်း)အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၇ သန်း)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၁၂ သန်း) စုစုပေါင်းတားဆီးမှု သုံးမှု (ခန့်မှန်း တန်ဖိုးငွေကျပ် ၁ ဒသမ ၈၂ သန်း)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းတော်မြို့နယ်တွင် သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် လူတစ်ဦးသေ

**နေပြည်တော် ဇန်နဝါရီ ၇**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အောင်မေတ္တာရပ်ကွက် ဝင်ဒါမီယာလမ်း အိမ်အမှတ်(မတ-၁၈၃)တွင် နေထိုင်သူ စိုးနိုင်ဦး(ခ)ဖိုးလုံးအား ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်ခန့်က အဆိုပါအိမ်သို့ အသွားအလာရှိသူ လူတစ်ဦးက ခဲဖူးသေနတ်ဖြင့် သုံးချက်ပစ်ခတ်ကာ ချွန်ထက်သောအရာတစ်ခုဖြင့် လည်ပင်းကို ထိုးသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ဖြစ်ပွားမှုကြောင့် စိုးနိုင်ဦး(ခ)ဖိုးလုံးမှာ လည်မျိုတွင် ထိုးသွင်းဒဏ်ရာ နှစ်ချက်၊ ပြတ်ရှဒဏ်ရာတစ်ချက်၊ ယာခါးစောင်း ပေါက်ပြဲဒဏ်ရာနှစ်ချက်ဖြင့် သေဆုံးခဲ့ကြောင်း သိရပြီး ပြစ်မှုကျူးလွန်သူက ဝင်းဝတ်ဆင်ထားရှိသော ငါးကျပ်သား ရွှေဆွဲကြိုးတစ်ကုံး၊ သုံးမတ်သား လက်စွပ်တစ်ကွင်း၊ ဆင်းကတ်သုံးခုပါ ဖုန်းနှစ်လုံးတို့ကို ယူဆောင်သွားခဲ့ကြောင်း သိရသည်။

သက်ဆိုင်ရာရဲတပ်ဖွဲ့၏ စစ်ဆေးမှုအရ အခင်းဖြစ်ပွားရာနေရာတွင် အရှည် သုည ဒသမ ၇ လက်မ၊ အချင်း သုည ဒသမ ၃ လက်မခန့်ရှိသော ခဲဖူးသုံးတောင့်ကို တွေ့ရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ် ကျူးလွန်သူအား ဥပဒေနှင့်အညီ အရေးယူနိုင်ရန် သက်ဆိုင်ရာရဲတပ်ဖွဲ့က စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တနိုင်းချောင်းအထက်၌ ငါးရှာရာမှ မိုင်းနင်းမိ၍ နှစ်ဦး ဒဏ်ရာရရှိ

**တနိုင်း ဇန်နဝါရီ ၇**
ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့၌ ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီခန့်က ဦးနော်တောင်၊ ဦးမဂေါင်လပါ၊ ဦးလဂွတ်လပါနှင့် (RC)စစ်ရှောင်စခန်းနေသူတို့ လေးဦးသည် တနိုင်းချောင်းအထက်၌ ငါးသွားရှာကြရာ မိုင်းနင်းမိ၍ ဦးလဂွတ်လပါမှာ ခြေနှစ်ဖက်စလုံးပြတ်၊ ဦးမဂေါင်လပါမှာ အောက်ပိုင်းဒဏ်ရာ ပြင်းထန်စွာရရှိ၍ တနိုင်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**နော်ယော်ဘော်(ပြန်/ဆက်)**



# ဓာတုကင်းလွတ်ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံအရောင်းစင်တာဖွင့်ပွဲကျင်းပ



**သဲကုန်း ဇန်နဝါရီ ၇**
ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ဝက်ပုတ်ကျေးရွာ၌ ဇန်နဝါရီ ၆ ရက် ညနေ ၃ နာရီက ပြည်သူများ အန္တရာယ်ကင်းသော အစားအစာများ ဝယ်ယူစားသုံးနိုင်ရန်ရည်ရွယ်၍ ဓာတုကင်းလွတ်ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံအရောင်းစင်တာ ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဝင်းသိန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းနှင့် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးလှမြင့်တို့က ဓာတုကင်းလွတ်ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံအရောင်းစင်တာကို လှည့်လည်ကြည့်ရှုကြသည်။

တိုင်းဒေသကြီးအတွင်း စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ၊ စားဖိုဆောင်သီးနှံနှင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံစသည့် သီးနှံမျိုးစုံ စုံလင်စွာစိုက်ပျိုးလျက်ရှိပြီး ဟင်းသီးဟင်းရွက်ကို မိုးရာသီတွင် ၄၁၃၄၇ ဧက၊ ဆောင်းရာသီတွင် ၁၀၀၂၈၂ ဧက စုစုပေါင်း ၁၄၁၆၂၉ ဧက စိုက်ပျိုးလျက်ရှိသည်။ ဝက်ပုတ်ဇုန်၊ ပုတီးကုန်းဇုန်၊ မင်းလှဇုန်၊ ဒိုက်ဦးဇုန်တို့သည် ဟင်းသီးဟင်းရွက် အများစုစိုက်ပျိုးသောနေရာများဖြစ်ပြီး ဒေသအတွင်း စားသုံးမှု ဖူလုံသည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖြန့်ဖြူးပေးလျက်ရှိရာ ရန်ကုန်မြို့သို့ အများဆုံးတင်ပို့ရောင်းချနိုင်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၇-၂၀၁၈ ခုနှစ်ကပင် တိုင်းဒေသကြီးဘတ်ဂျက်မှ ကျခံသုံးစွဲပြီး အော်ဂဲနစ်ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးအတွက် ဟင်းသီးဟင်းရွက်အများစု စိုက်ပျိုးသော တောင်ငူ၊ အုတ်တွင်း၊ ထန်းတပင်၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ပြည်၊ ပေါင်းတည်၊ သဲကုန်း၊ ရွှေတောင်၊ မင်းလှ၊ အုတ်ဖို စသည့်မြို့နယ် ၁၁ မြို့နယ် ရွေးချယ်ပြီး အော်ဂဲနစ်ဟင်းသီးဟင်းရွက်စံပြကွက်များ ဖော်ဆောင်စိုက်ပျိုးခဲ့သည်။ ယခု ၂၀၁၈-၂၀၁၉ ခုနှစ်တွင်လည်း မြို့နယ် ၁၁ မြို့နယ်တွင် အော်ဂဲနစ်ဟင်းသီးဟင်းရွက်စံပြကွက်များ ဆက်လက်စိုက်ပျိုး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဒေသတွင်း ပြည်သူများ ဝယ်ယူစားသုံးရန်နှင့် အခြားဒေသမှခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းသော အစားအစာများ လွယ်ကူစွာ ဝယ်ယူစားသောက်နိုင်ရေးအတွက် Mobile Shop ၁၄ ဆိုင်ကို လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး အချက်အချာကျသည့် ဒိုက်ဦးမြို့နယ်တွင် ဘိုင်းဒါး၊ ညောင်လေးပင်မြို့နယ်တွင် ပြွန်တန်ဆာ၊ အုတ်တွင်းမြို့နယ်တွင် ဥယျာဉ်တော်၊ တောင်ငူမြို့နယ်တွင် တောင်ငူမြို့တွင်း၊ ထန်းတပင်မြို့နယ်တွင် ဇရပ်ကြီး၊ မင်းလှမြို့နယ်တွင် ရွှေဝါမြိုင်၊ ရှမ်းစု၊ အုတ်ဖိုမြို့နယ်တွင် ပြည်တော်သာ၊ သဲကုန်းမြို့နယ်တွင် ပုတီးကုန်း၊ ဝက်ပုတ်၊ ပြည်မြို့နယ်တွင် ပြည်မြို့ထဲ၊ ဇီးအုပ်၊ ပေါင်းတည်မြို့နယ်တွင် မြို့နယ်ရုံးရှေ့၊ ရွှေတောင်မြို့နယ်တွင် ဝါးလည်ရွာ စသည့်မြို့နယ် ၁၁ မြို့နယ်ရှိ နေရာ ၁၄ နေရာတို့၌ ဆောက်လုပ်ထားပြီး ယခု ဝက်ပုတ်တွင် တစ်ဆိုင်၊ ပုတီးကုန်းတွင်တစ်ဆိုင် ဖွင့်လှစ်ရောင်းချမည်ဖြစ်ရာ စိုက်ပျိုးထုတ်လုပ်သူတောင်သူများအနေအဖြင့် မိမိတို့စိုက်ပျိုး ထုတ်လုပ်သည့်သီးနှံများကို စားသုံးသူလက်ဝယ်တိုက်ရိုက်ရောက်အောင် ရောင်းချနိုင်သည့် စနစ်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ဂန့်ဂေါမြို့နယ်ရှိ ကျေးရွာငါးရွာ၌ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကျင်းပ

**ဂန့်ဂေါ ဇန်နဝါရီ ၇**
ဂန့်ဂေါမြို့နယ်တွင် ဇန်နဝါရီ ၆ ရက် နံနက်က ရေရှင်မကျေးရွာ ကျန်းမာရေးဌာနအနီးတွင်လည်းကောင်း၊ မွေ့လယ်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးအနီးတွင်လည်းကောင်း၊ သာစည်ကျေးရွာ စာသင်ကျောင်းအနီးတွင်လည်းကောင်း၊ ရဲလှရွာ ထရန်စဖော်မာအနီးတွင် လည်းကောင်း၊ နှမ်းခါးရွာ အ-ထ-က အနီးတွင်လည်းကောင်း လျှပ်စစ်မီးလင်းရေးဖွင့်ပွဲများ ကျင်းပသည်။

ဖွင့်ပွဲ အခမ်းအနားများတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပြုံးလွင်တို့က အမှာစကားပြောကြားကြပြီး မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးထောင်းဇိုခိုင်က လျှပ်စစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ ကျေးရွာများမှ တာဝန်ရှိသူများက ကျေးဇူးတင်စကားများ ပြောကြားကြသည်။

ဂန့်ဂေါမြို့နယ်တွင် ကျေးရွာပေါင်း ၁၀၇ ရွာရှိသည့်အနက် ကျေးရွာ ၄၇ ရွာတွင် လျှပ်စစ်မီးရရှိနေပြီ ဖြစ်ပြီး ပြည်သူ ၁၃၈၆၆ ဦးတို့ လျှပ်စစ်မီးသုံးစွဲနေပြီဖြစ်ကြောင်း သိရသည်။

**၄၆၅**

# ပြင်ဦးလွင်တွင် သစ်သီးဝလံစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချနိုင်ရေးဆွေးနွေး

**ပြင်ဦးလွင် ဇန်နဝါရီ ၇**
သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီက ပြင်ဦးလွင်မြို့ Pyin Oo Lwin Centre ၌ ကျင်းပသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက အမှာစကားပြောကြားပြီး ကုန်သွယ်ရေးဦးစီးဌာန မြန်မာ့ပို့ကုန်မြှင့်တင်ရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက သစ်သီးဝလံများ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေးနှင့် ဈေးကွက်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အစုအဖွဲ့ဝင်များက သစ်သီးဝလံနှင့်စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့ရောင်းချခြင်းဆိုင်ရာ အခက်အခဲများကို တင်ပြရာ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ညှိနှိုင်းဆောင်ရွက်ပေးသည်။

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်မင်းနှင့် အမှုဆောင်များ၊ ညီနောင်အသင်းများဖြစ်သော သရက်၊ ပိန္နဲ၊ ထောပတ်သီး၊ သံပရာသီး၊ ဖရဲသခွားအစုအဖွဲ့များ၊ မြန်မာနိုင်ငံလျှော်ဖြူအသင်း၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့မှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**မောင်ပြည်သူ(မန္တလေး)**



# ပြောင်းလဲချိန်မှာ တိုးတက်လာတဲ့ မန္တလေး

**❒ ကျော်ရင်မြင့်**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ အပြောင်းအလဲကို မြို့သူမြို့သားတွေ ပထမဆုံး သတိပြုလိုက်မိတာကတော့ ၂၀၁၆ ခုနှစ် ဧပြီလမှာ အစိုးရပြောင်းလဲပြီးနောက် စတင်ကျင်းပတဲ့ သင်္ကြန်မှာဖြစ်ပါတယ်။

မန္တလေးသင်္ကြန်ဆိုတာ နိုင်ငံအနှံ့ကလာပြီးနွှဲကြတဲ့ပွဲ။ စည်းမဲ့ကမ်းမဲ့ ပရမ်းပတာ နိုင်တဲ့ပွဲ။ သင်္ကြန်ပြီးသွားရင် မြို့က စစ်ပြီးစမြို့ပျက်လို အမှိုက်သရိုက်တွေက မြင်မကောင်းအောင် သိသာမြင်သာ ရှုပ်ပွညစ်ပေကျန်ရစ်လေ့ရှိပါတယ်။ ၂၀၁၆ ခုနှစ် သင်္ကြန်ရက်အကြိုညမှာ မီးကုန်ယမ်းကုန်ပျော်ကြပါးကြပြီး နောက်နေ့ သင်္ကြန်အကျနေ့မြို့ထဲထွက်လာကြသူတွေဟာ တွေ့ရမြင်ရတဲ့ မြင်ကွင်းက ကိုယ့်မျက်စိကို ကိုယ်မယုံနိုင်စရာ၊ နေရာတကာ (အထူးသဖြင့်) ကျုံးမြို့ရိုးဘေး လေးဘက်လေးတန်မှာ အမှိုက်တွေမရှိဘဲ သန့်ရှင်းနေတာပါပဲ။

အစိုးရသစ်က ဒေါက်တာရဲလွင်ကို မန္တလေးမြို့တော်ဝန်အဖြစ် တာဝန်ပေးပါတယ်။ (၅-၄-၂၀၁၆) ရက်မှာ ဒေါက်တာရဲလွင် မြို့တော်ဝန်တာဝန်ကို စတင်ထမ်းဆောင်တယ်။ တာဝန်ယူတာ ၁၀ ရက်မပြည့်မီမှာ မြို့တော်ဝန်အသစ် ပထမဆုံးလုပ်တာက မြို့တော်သန့်ရှင်းရေးဖြစ်ပါတယ်။ (အဲဒီအချိန်က) မြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနမှူး ဦးခင်အောင်ကို သင်္ကြန်တွင်းမှာ အမှိုက်သရိုက်တွေ "လင်းပြောင်"စနစ်လုပ်ချင်တယ်လို့ မှာကြားတယ်။ သင်္ကြန်ကို ပျော်ပျော်ကြီးနွှဲရင်း စည်းမဲ့ကမ်းမဲ့ ပစ်ချင်တိုင်းပစ်ခဲ့ကြတဲ့ အမှိုက်တွေကို မြို့တော်သန့်ရှင်းရေးဌာနက အများပြည်သူတွေ အိပ်စက်အနားယူနေကြတဲ့အချိန် ညဉ့်နက်သန်းခေါင်သန်းလွဲမှာ အင်တိုက်အားတိုက် သန့်ရှင်းရေးလုပ်လိုက်ကြတဲ့အတွက် မနက်လင်းတော့ ပြောင်တလင်းခါလို့ သန့်စင်နေတာမြင်ရပါတယ်။ ဒါကို မြို့တော်သူ မြို့တော်သားတွေက သတိပြုမိတယ်။

### တန်ဖိုးထား အသိမှတ်ပြု

သန့်ရှင်းရေးဝန်ထမ်းတွေ မအိပ်မနေ ဒီလိုကြိုးပမ်းမှုကို မြို့တော်ဝန်က အသိအမှတ်ပြုတယ်။ အောက်ခြေအဆင့် တံမြက်စည်းလှဲ၊ အမှိုက်ကျုံးဝန်ထမ်းတွေကအစ တန်ဖိုးထားပြီး ချီးကျူးစကားပြောတယ်။ ခံစားသင့်တဲ့ ခံစားခွင့်တွေပေးတယ်။ လမ်းဘေးမှာ မနက်ဝေလီဝေလင်း အမှိုက်ထလှဲနေတဲ့ သန့်ရှင်းရေးအလုပ်သမက သူဝတ်ဆင်ထားတဲ့ထဘီဟာ မြို့တော်ဝန်ကြီးက ဂုဏ်ပြုလက်ဆောင်ပေးထားတာလို့ ယခုအထိ တမြတ်တနိုး ဂုဏ်ယူပြီး ပြောနေဆဲဖြစ်ပါတယ်။ ဘယ်သူမဆို ကိုယ့်ရဲ့ကောင်းမွန်တဲ့ လုပ်ကိုင်ဆောင်ရွက်ချက်ကို အသိအမှတ်ပြုခံရရင် ကျေနပ်မြဲပါ။ မြို့တော်ဝန်က မြို့တော်သန့်ရှင်းရေးဌာနဝန်ထမ်းတွေရဲ့ ကြိုးပမ်းလုပ်ဆောင်မှုကို တန်ဖိုးထား အသိမှတ်ပြုပေးပြီးတဲ့နောက်မှာ ဝန်ထမ်းတွေဟာ လုပ်ငန်းထဲ စေတနာပိုထားပြီး ကြိုးစားလုပ်ကိုင်လာကြတယ်။ အဲဒီနောက်မှာတော့ မန္တလေးကို မရောက်တာ ကြာတဲ့သူတွေ မန္တလေးကိုရောက်လာတဲ့ ဧည့်သည်တွေက "မန္တလေးဟာ သိသိသာသာ တိုးတက်ပြောင်းလဲပြီး သန့်ရှင်းတယ်" လို့ တစ်လေသံတည်း ပြောလာကြတော့တာပါပဲ။

၂၀၁၇ ခုနှစ် နှစ်ဦးပိုင်းမှာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က မြို့တော်စည်ပင်သာယာရေး ကော်မတီဝင်အသစ်တွေ ပြောင်းလဲတာဝန်ခွဲဝေပေးအပ်ရာမှာ ဒေါက်တာသစ်ဆင်းကို သန့်ရှင်းရေးဌာန တာဝန်ယူရမယ့် ကော်မတီဝင်အဖြစ်တာဝန်ပေးတယ်။ သူက အတွေ့အကြုံများတဲ့ ဆရာဝန်တစ်ယောက်ဖြစ်ပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ အင်န်ဂျီအိုတွေနဲ့ လက်တွဲလုပ်ကိုင်ဖူးတယ်။

သန့်ရှင်းရေးဌာနကို ဒေါက်တာသစ်ဆင်း တာဝန်ယူပြီးနောက် ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်နဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းပညာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ( UNE-CCET) ရယ်၊ သက်ဆိုင်တဲ့ပညာရှင်တွေ၊ ကိုယ်စားလှယ်တွေရယ်နဲ့ မြို့တော်စည်ပင်သာယာရေးကော်မတီက မြို့တော်သန့်ရှင်းရေးအတွက် စီမံချက်တစ်ခု ပူးပေါင်းရေးဆွဲကြပါတယ်။ စီမံချက်အမည်က "မန္တလေးမြို့တော် စွန့်ပစ်အမှိုက်၊ စီမံခန့်ခွဲမှု၊ မဟာဗျူဟာနှင့် လုပ်ငန်းစဉ် ၂၀၁၇" တဲ့။

### ပြည်သူလူထုနဲ့စည်ပင်လက်တွဲ

မြို့တော်သန့်ရှင်းဖို့ မြို့တော်စည်ပင်တစ်ဖွဲ့တည်းက နေ့မနား ညမနား ဘယ်လောက်ပဲ ကြိုးစားပမ်းစားလုပ်လုပ် ပြည့်ပြည့်ဝဝ အောင်မြင်မှုရဖို့ မလွယ်ပါဘူး။ ပြည်သူလူထု ပူးပေါင်းပါဝင်မှသာ အောင်မြင်တာပါ။ ဒါကြောင့် စီမံချက်ထဲမှာ "ပြည်သူလူထု ပူးပေါင်းပါဝင်တဲ့ အမှိုက်သိမ်းစနစ်" ဆိုတာကို ဖော်ဆောင်တယ်။ ပြည်သူလူထုက မြို့တော်သန့်ရှင်းရေးအတွက် လက်တွဲပါဝင်နိုင်အောင် စေတနာ့ဝန်ထမ်းတွေ၊ ပရဟိတအသင်းအဖွဲ့တွေ၊ ရပ်ကွက်အုပ်ချုပ်ရေး တာဝန်ရှိသူတွေကို သင်တန်းဖွင့်လှစ်ပေးပါတယ်။ သင်တန်းတွေပေးပြီးနောက်မှာ မြို့နယ်အလိုက် စံပြရပ်ကွက်တွေ တစ်ရပ်ကွက်ပြီးတစ်ရပ်ကွက် သတ်မှတ်ပြီး ပြည်သူလူထုနဲ့စည်ပင်လက်တွဲကာ အမှိုက်ကင်းစင်အောင် ကြိုးပမ်းလုပ်ဆောင်ကြပါတယ်။

> မြို့တော်သန့်ရှင်းရေးနေ့အဖြစ် စုပေါင်းအမှိုက်ကောက်ကြတာက အမှိုက်ပြောင်စင်ဖို့ထက် အမှိုက်ကိုအလွယ်တကူ မစွန့်ပစ်ရဘူးဆိုတဲ့ သန့်ရှင်းရေးအသိပျံ့နှံ့ဖို့ ဦးတည်ပါတယ်။ ကျောင်းသား ကျောင်းသူ လူငယ်လေးတွေ အားတက်သရော ပါဝင်ဆင်နွှဲကြတာ တွေ့ရပါတယ်

### နေချင်စရာ သန့်ရှင်းသာယာ

ဥပမာတစ်ခု ဖော်ပြရရင် ပြည်ကြီးတံခွန်မြို့နယ်က (င)ရပ်ကွက်ဆိုရင် တစ်ချိန်က အမှိုက်ပုံကြီးတွေ ဝန်းရံထားတဲ့ရပ်ကွက်၊ အမှိုက်သရိုက်အနံ့နံစော်နေတဲ့ ရပ်ကွက်ဖြစ်ပါတယ်။ ရပ်ကွက်နေစေတနာ့ဝန်ထမ်းတွေ၊ ပရဟိတအသင်းအဖွဲ့တွေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မောင်မောင်၊ ပြည်ကြီးတံခွန် ပြည်သူလူထုက ရွေးကောက်တင်မြှောက် တာဝန်ပေးအပ်ခံရတဲ့ မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးစောဟန်တို့ အတူတူပူးပေါင်းကြပြီး သန့်ရှင်းရေးလုပ်ကြတယ်။ မြို့တော်စည်ပင်ကလည်း ရပ်ကွက်နဲ့လက်တွဲပြီး အမှိုက်ကားပုံမှန်လာသိမ်းပေးတယ်။ တစ်ပတ်မှာတစ်ရက် လူအများနဲ့ သက်ဆိုင်တဲ့ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ဓမ္မာရုံတို့ကို စုပေါင်းသန့်ရှင်းရေးလုပ်ပေးတယ်။ အခုဆိုရင် သူတို့ရပ်ကွက်ဟာ နေချင်စရာ သန့်ရှင်းသာယာသွားပြီဖြစ်တယ်။ မန္တလေးမြို့မှာ အဲဒီလို ရပ်ကွက်တွေ တစ်ရပ်ကွက်ပြီးတစ်ရပ်ကွက် ပေါ်ပေါက်လာပြီ ဖြစ်ပါတယ်။

စေတနာ့ဝန်ထမ်းတွေ၊ ပရဟိတသမားတွေ၊ စေတနာရှင်တွေ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေ မြို့တော်စည်ပင်ရုံးမှာ ဆုံဖြစ်ကြတဲ့တစ်ရက်မှာ တစ်ဦးက အကြံပြုဆွေးနွေးပါတယ်။ တနင်္ဂနွေနေ့တိုင်းကို "မြို့တော်သန့်ရှင်းရေးနေ့" အဖြစ်သတ်မှတ်ပြီး စုပေါင်းအမှိုက်ကောက်ကြမယ်တဲ့။ စုပေါင်းအမှိုက်ကောက်တာကို ဘယ်သူမဆို ပူးပေါင်းပါဝင်ပြီး မန္တလေးမြို့က လူသွားလူလာများတဲ့ ရထားဘူတာ၊ ဈေး၊ ဘုရားကျောင်းကန် စတဲ့နေရာတွေမှာ လုပ်ကြမယ်တဲ့။ မြို့တော်သန့်ရှင်းရေးနေ့အဖြစ် စုပေါင်းအမှိုက်ကောက်ကြတာက အမှိုက်ပြောင်စင်ဖို့ထက် အမှိုက်ကို အလွယ်တကူ မစွန့်ပစ်ရဘူးဆိုတဲ့ သန့်ရှင်းရေးအသိပျံ့နှံ့ဖို့ ဦးတည်ပါတယ်။ ကျောင်းသား ကျောင်းသူ၊ လူငယ်လေးတွေ အားတက်သရော ပါဝင်ဆင်နွှဲကြတာ တွေ့ရပါတယ်။

ရပ်ကွက်အတွင်း လမ်းကြိုလမ်းကြား အမှိုက်ကား မဝင်နိုင်တဲ့နေရာက အမှိုက်တွေကို သိမ်းဆည်းသယ်ယူဖို့ မြို့တော်စည်ပင်သာယာရေးကော်မတီကလည်း သုံးဘီးအမှိုက်သိမ်းယာဉ်လေးတွေ စီစဉ်တယ်။ အချို့ရပ်ကွက်က ကိုယ့်အားကိုယ်ကိုး သုံးဘီးအမှိုက်သိမ်းယာဉ်တွေ အားဖြည့်ပြီး မြို့တော်စည်ပင်နဲ့ လက်တွဲလာကြတယ်။

အရင်ကတော့ စည်ပင်အမှိုက်ကားဆိုရင် ထင်ရှားသိသာတာကတော့ စုတ်ပြတ်ညစ်ပတ်နေတာပါပဲ။ တရုတ်နိုင်ငံလုပ် FAW ကားပြာစုတ်စုတ်ကြီးတွေဟာ MCDC ကို ကိုယ်စားပြုတဲ့ သင်္ကေတလို ဖြစ်နေခဲ့တယ်။ ကားကြီးတွေက သက်တမ်းလည်းကြာ အိုပြီဟောင်းပြီမို့ ခဏခဏပျက်တယ်။ ဆီကလည်း စားသေးတယ်။ မြို့တော်ရဲ့ ပုံရိပ်ကို ဆွဲချနေခဲ့ပါတယ်။ ပြောင်းလဲချိန်မှာ ပြောင်းလဲနိုင်ခဲ့တာတွေထဲမှာ အမှိုက်ကားတွေလည်း ပါဝင်တယ်။ ချမ်းအေးသာစံမြို့နယ် ပြည်သူလူထုက ရွေးကောက်တာဝန်ပေးအပ်လိုက်တဲ့ မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဇေယျက ကွန်ပျူတာပညာရပ်မှာ မဟာဘွဲ့ရဖြစ်ပါတယ်။ သူ့ကို မော်တော်ယာဉ်ဌာနမှာ တာဝန်ပေးထားတယ်။

### တဖြည်းဖြည်း အစားထိုးလဲလှယ်

အမှိုက်ကား စုတ်စုတ်တွေနေရာမှာ ဂျပန်နိုင်ငံဖြစ် Compactor Grarbage Truck အဆင့်မြင့်အမှိုက်ကားသစ်တွေကို ဝယ်ယူပြောင်းလဲကာ ဖြည့်နေပြီဖြစ်တယ်။ အမှိုက်ကားတွေမှာ ကွန်ပျူတာ နည်းပညာနဲ့ GPS တွေ တပ်ဆင်လိုက်ပါတယ်။ အမှိုက်ကားတွေကို GPS တပ်ထားတာကြောင့် အမှိုက်သိမ်းဖို့ သတ်မှတ်ပေးထားတဲ့နေရာ၊ သတ်မှတ်ထားတဲ့အချိန်၊ သတ်မှတ်ထားတဲ့ လမ်းကြောင်းအတိုင်း သိမ်းဆည်းရဲ့လားဆိုတာကို စောင့်ကြည့်နိုင်တယ်။ အမှိုက်ကားယာဉ် စက်ချွတ်ယွင်းနေရင် ချက်ချင်းအစားထိုးပေးနိုင်ပါတယ်။ ယခုအခါ အောင်မြေသာစံ၊ ချမ်းအေးသာစံနဲ့ မဟာအောင်မြေမြို့နယ်တို့က အမှိုက်ကားတွေကို GPS တပ်ဆင်ပြီးသွားပါပြီ။ ဆက်လက်တပ်ဆင်နေပါတယ်။ အဆင့်မီတဲ့ အမှိုက်ကားသစ်တွေ တဖြည်းဖြည်း အစားထိုးလဲလှယ်သွားနေပြီဖြစ်ပါတယ်။

ပြည်သူလူထုရဲ့ လက်တွဲပါဝင်မှုနဲ့ ပြောင်းလဲချိန်မှာ တိုးတက်ပြောင်းလဲလာတဲ့ မန္တလေးကို ပြည်သူလူထုက ရရှိလာကြတာ ဖြစ်ပါတယ်။ ။

## ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ကြိုးစားဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၇**

မန္တလေးတိုင်းဒေသကြီးအတွင်း ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ခြင်းနှင့်အတူ အမြင်ခံစားမှုမတူညီသည့် ခရီးသွားအမျိုးအစား စုံလင်စွာထားရှိနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးတွင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပေါများစွာတည်ရှိနေသော်လည်း ဝင်ရောက်လာသည့် နိုင်ငံတကာခရီးသွားဧည့်သည်များ၏ မျှော်လင့်ချက်များကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ရန် သဘာဝအရင်းအမြစ်များ၊ ဘိုးဘွားများ၏ ယဉ်ကျေးမှုအမွေအနှစ်များအပြင် လက်ရှိလူသားတို့၏ တီထွင်ဖန်တီးဆန်းသစ်မှုများပါဝင်သော ခရီးသွားအမျိုးအစားစုံလင်စွာဖြင့် ဆွဲဆောင်နိုင်ရန်လိုအပ်ကြောင်း သိရသည်။

"ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီးကို နိုင်ငံတကာခရီးသွားတွေ ပိုမိုဝင်ရောက်လာသလို ဝင်ရောက်လာတဲ့ ခရီးသွားတွေရဲ့ ဘာသာ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံအလိုက် သူတို့ရဲ့မျှော်လင့်ချက်တွေကလည်း မတူညီကြဘူး။ ဒါကြောင့် အမြဲတမ်း ဘုရားနဲ့ ဦးပိန်တံတားပဲ ကြည့်စရာမဖြစ်ရအောင် ခရီးစဉ်ဒေသအသစ်တွေကိုလည်း ဖော်ထုတ်နေသလို အမြင်ခံစားမှု မတူညီတဲ့ ဖန်တီးဆန်းသစ်မှုတွေနဲ့ ဆွဲဆောင်ပြီး သူတို့ရဲ့လိုအင်ဆန္ဒတွေကို ဖြည့်ဆည်းပေးနိုင်အောင် ကြိုးစားဆောင်ရွက်နေပါတယ်" ဟု ၎င်းက ပြောသည်။

ထို့ပြင် လက်ရှိတွင်လည်း မြန်မာနိုင်ငံ၏ အမည်၊ အမှတ်တံဆိပ်ကို ပိုမိုပေါ်လွင်ထင်ရှားစေရန်နှင့် ခရီးသွားဧည့်သည်နှင့် ခရီးစဉ်ဒေသများကို တိုက်ရိုက်ထိတွေ့ချိတ်ဆက်နိုင်စေရန် Digital marketing စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၎င်းလုပ်ငန်းစဉ်အတွက် လိုအပ်သည့်သွားလာရေး၊ နေထိုင်ရေးနှင့် စားသောက်ရေးတို့အတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

တိုင်းဒေသကြီးအတွင်းသို့ ၂၀၁၈ ခုနှစ်တွင် နိုင်ငံတကာ ခရီးသွားဧည့်သည် ငါးသိန်း ဝင်ရောက်ရန်လျာထားခဲ့ပြီး နိုဝင်ဘာလအထိ လေးသိန်းသုံးသောင်းကျော် ဝင်ရောက်လျက်ရှိရာ ၎င်းတို့အနက် တရုတ်နိုင်ငံမှ ၂၃၀၄၇ ဦးဖြင့် အများဆုံးဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရုပ်ရှင်ကြည့်ပရိသတ်များအတွက် (လှိုင်သာယာ) အဆင့်မြင့်ရုပ်ရှင်ရုံသစ်ဖွင့်

**ရန်ကုန် ဇန်နဝါရီ ၇**

မြန်မာနိုင်ငံ၏ ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ Mega Ace Cineplex-Super One (လှိုင်သာယာ) အဆင့်မြင့်ရုပ်ရှင်ရုံသစ်ကို လှိုင်သာယာမြို့နယ် နဝဒေးအိမ်ရာဝင်းအတွင်းရှိ Super One Shopping Mall ၌ ဇန်နဝါရီ ၆ ရက် ညနေ ၄ နာရီခွဲက စတင်ဖွင့်လှစ်လိုက်သည်။

အဆိုပါ Mega Ace အဆင့်မြင့်ရုပ်ရှင်ရုံသစ်၌ 2D နှင့် 3D ရုပ်ရှင်ရုံနှစ်ရုံ ပါဝင်ပြီး ရုပ်ရှင်ရုံတစ်ရုံလျှင် ထိုင်ခုံ ၁၂၈ ခုံစီပါဝင်ပြီး ခေတ်မီထိုင်ခုံများကို ရုပ်ရှင်ကြည့်ပရိသတ်များအတွက် စီစဉ်ဆောင်ရွက်ပေးထားကြောင်း Mega Ace Cineplex မှ အရောင်းမန်နေဂျာ ဒေါ်မြဖြိုးဝေက ပြောသည်။

တစ်ရက်လျှင် ငါးပွဲနှုန်းပြသသွားမည်ဖြစ်ပြီး ရုပ်ရှင်လက်မှတ်ခနှုန်းထားများအတွက် လက်မှတ်တစ်စောင်လျှင် ငွေကျပ် ၁၅၀၀၊ ၁၈၀၀ ၊ ၂၂၀၀၊ ၂၅၀၀ နှင့် ၃၃၀၀ သတ်မှတ်ထားကာ ပွဲစဉ်များအား နံနက် ၁၀ နာရီ၊ မွန်းလွဲ ၁၂ နာရီခွဲ၊ ညနေ ၃ နာရီခွဲ၊ ညနေ ၆ နာရီခွဲနှင့် ည ၉ နာရီခွဲပွဲစဉ်တို့ဖြင့် ပြသသွားမည်ဖြစ်ကြောင်းလည်း သိရသည်။



ယနေ့ညနေပိုင်းက စတင်ဖွင့်လှစ်ပြသသည့် Mega Ace Cineplex-Super One (လှိုင်သာယာ) အဆင့်မြင့်ရုပ်ရှင်ရုံသစ်ဖွင့်ပွဲတွင် မြန်မာ့ရုပ်ရှင်မြှင့်တင်ရေး ညွှန်ကြားရေးမှူး ဦးသိန်းနိုင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းနှင့် Mega Ace Cineplex မှ ဒါရိုက်တာများ တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် အကယ်ဒမီနေတိုးနှင့် အဆိုတော် လွှမ်းပိုင်တို့က ရုပ်ရှင်ကြည့်ပရိသတ်များအား အမှတ်တရ လက်မှတ်ရေးထိုးပေးခဲ့ကြကြောင်း သိရသည်။

**သတင်း-ပွင့်သစ္စာ၊ ဓာတ်ပုံ-စိုးမြင့်အောင်**

# မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ (ရန်ကုန်) အလုပ်အမှုဆောင်သစ် ရွေးချယ်

**ရန်ကုန် ဇန်နဝါရီ ၇**

မွန်စာပေနှင့် ယဉ်ကျေးမှု တိုးတက်စည်ပင်ပြန့်ပွားလာစေရန်နှင့် တိုင်းရင်းသားပေါင်းစုံ စည်းလုံးညီညွတ်ရေးကို အထောက်အကူဖြစ်စေရန် ရည်ရွယ်လုပ်ဆောင်နေသော မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်) ၏ နှစ်နှစ်တစ်ကြိမ် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် အလုပ်အမှုဆောင်အဖွဲ့ဝင်သစ်ရွေးချယ်ပွဲကို ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်ရှိ မွန်ပိဋကတ်တိုက်၌ ကျင်းပသည်။

မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ရန်ကုန်) ၏ ဥက္ကဋ္ဌ နိုင်စိုးအောင်က "မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ စတင်ဖွဲ့စည်းတဲ့ ၁၉၇၂ ခုနှစ်ကနေစပြီးတော့ ယခုအချိန်ထိ နှစ်နှစ်တစ်ကြိမ် အမှုဆောင်သစ် ပြန်လည်ရွေးချယ်ပွဲကို ကျင်းပလေ့ရှိပါတယ်။ အခုပြုလုပ်မယ့် ရွေးချယ်ပွဲဟာ ၂၀၁၉-၂၀၂၀ နှစ်နှစ်စာအတွက် တာဝန်ထမ်းဆောင်ကြမယ့် အလုပ်အမှုဆောင်သစ်တွေကို ရွေးချယ်မှာဖြစ်ပါတယ်။ အလုပ်အမှုဆောင် ကော်မတီဝင် ၁၅ ဦး ရွေးချယ်မယ်။ မြို့နယ်အသီးသီးမှာရှိနေတဲ့ မြို့နယ်ကိုယ်စားလှယ်တွေ ရွေးချယ်မယ်။ မြို့နယ်ကိုယ်စားလှယ်ထဲကနေ ဗဟိုကော်မတီမှာ လစ်လပ်သွားတဲ့နေရာတွေမှာ ပြန်လည်အစားထိုးနိုင်အောင် အရန်ကော်မတီဝင်ခြောက်ဦးကိုလည်း ရွေးချယ်သွားမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

ရွေးချယ်ခံရသည့် အလုပ်အမှုဆောင်သစ်များအနေဖြင့် မွန်စာပေသင်ကြားရေးလုပ်ငန်းများ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ငန်းများ၊ စာပေထုတ်ဝေရေး၊ စာကြည့်တိုက်၊ အမျိုးသားရေးလှုပ်ရှားမှုနှင့် ဆက်စပ်လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်လာအောင် အဓိကလုပ်ဆောင်သွားမည်ဖြစ်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်သည့် ဆပ်ကော်မတီများလည်း ဖွဲ့စည်းသွားမည်ဖြစ်သည်။

မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)ကို ၁၉၇၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယနေ့ဆိုလျှင် သက်တမ်းအားဖြင့် (၄၇) နှစ်ရှိပြီဖြစ်ရာ ကော်မတီ၏အဓိကရည်ရွယ်ချက်မှာ မွန်စာပေနှင့်ယဉ်ကျေးမှုကို ကာကွယ်ထိန်းသိမ်းရန်၊ မွန်စာပေနှင့်ယဉ်ကျေးမှုကို ဖော်ထုတ်ပြီး ဆက်လက်တိုးတက်စည်ပင်ပြန့်ပွားစေရန်၊ မွန်စာပေနှင့် ယဉ်ကျေးမှုကို မွန်လူမျိုးတိုင်း အမြတ်တနိုးလက်ခံသုံးစွဲရေးအတွက် လုပ်ဆောင်ရန်၊ မွန်စာပေနှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းတို့ကို ထိန်းသိမ်းခြင်းအားဖြင့် မွန်လူမျိုးတို့၏ တိုးတက်ရာတိုးတက်ကြောင်း လုပ်ဆောင်ရန်နှင့် မွန်စာပေနှင့်ယဉ်ကျေးမှုကို တခြားတိုင်းရင်းသားများလည်း စိတ်ပါဝင်စားစွာ လေ့လာသိရှိပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အထောက်အကူဖြစ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အေးမင်းသူ**

# အောင်မြင်ပျော်ရွှင်သောဘဝဆိုင်ရာ ပညာပေးသင်တန်း နေပြည်တော်တွင်ဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၇**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် SUCCESS LIFE တို့ ပူးပေါင်းဖွင့်လှစ်သော အောင်မြင်ပျော်ရွှင်သောဘဝဆိုင်ရာ ပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) ဒက္ခိဏသင်တန်းကျောင်း၌ ကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်က အဖွင့်အမှာစကားပြောကြားပြီး နည်းပြဆရာ ဦးချစ်ကိုကိုက သင်ကြားပို့ချသည်။

အဆိုပါသင်တန်းမှ လက်ရှိဘဝက ပိုပြီးမြင့်မားသည့်ဘဝကို ပြောင်းလဲနိုင်မည့် နည်းလမ်းကောင်းများကို လွယ်ကူစွာ လက်တွေ့ကျကျ ကျင့်သုံးနိုင်ခြင်း၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ မိသားစုရေးကိစ္စများတွင် ကောင်းစွာ စီမံခန့်ခွဲ ဖြည့်ဆည်းနိုင်ခြင်း၊ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ဖိစီးမှုများကို သိသာစွာ လျှော့ချသွားနိုင်ခြင်း၊ ဖိစီးမှုကင်းဝေးပြီး အောင်မြင်ပျော်ရွှင်သော လူမှုပတ်ဝန်းကျင်ကို ဖန်တီးပိုင်ဆိုင်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့မှ ဝန်ထမ်း ၃၆ ဦးတို့ တက်ရောက်ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း (ပြန်/ဆက်)**

## တိုတိုထွာထွာဖတ်စရာ

### နေပြည်တော်တွင် မီးသတ်မွမ်းမံသင်တန်းဆင်းပွဲများ ကျင်းပ

**နေပြည်တော်**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပညာသိဒ္ဓိရပ်ကွက်ရှိ မီးသတ်နယ်မြေစခန်းတွင် အမှတ်စဉ် (၁/၂၀၁၈) မီးသတ်သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၂၈ ရက် ညနေ ၄ နာရီကကျင်းပရာ နေပြည်တော် မီးသတ်ဦးစီးမှူး (ညွှန်ကြားရေးမှူး) ဦးအောင်ဆွေဝင်းက အမှာစကားပြောကြားပြီး သင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ထို့အတူ ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက ဒက္ခိဏသီရိမြို့နယ် မီးသတ်စခန်း၌ (၁/၂၀၁၈) မီးသတ်သင်တန်းဆင်းပွဲအခမ်းအနားကို ကျင်းပရာ သင်တန်းသား ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုကိုရှူ(နေပြည်တော်)**

### ရွှေ့ပြောင်းဘဲမွေးမြူသူများ အစာအတွက်အဆင်ပြေ

**ရေတာရှည်**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း နွေစပါးစိုက်ပျိုးနိုင်ခြင်းမရှိသော မိုးစပါးရိတ်သိမ်းပြီးလယ်ကွက်များသည် အနယ်နယ်အရပ်ရပ်မှ ရွှေ့ပြောင်း ဘဲမွေးမြူသူများအနေဖြင့် စပါးစေ့အကြွင်းအကျန်များကြောင့် အစာအတွက် အဆင်ပြေလျက်ရှိသည်။

စပါးစိုက်ပျိုးကြသည့်တောင်သူများအနေဖြင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိနိုင်ရန် ယခုကဲ့သို့ ဘဲမွေးမြူနိုင်လျှင် စီးပွားရေးအရ များစွာအထောက်အကူပြုကြောင်း ဘဲမွေးမြူသူက အကြံပြုပြောကြားသည်။ **ကိုလွင်(ဆွာ)**

### ချမ်းမြသာစည်၌ ဘောလုံးနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

**ချမ်းမြသာစည်**

မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်ပေါင်းစုံ အသက် ၂၃ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲတို့ကို ဇန်နဝါရီ ၆ ရက် ညနေ ၃ နာရီက ချမ်းမြသာစည်မြို့နယ် အားကစားကွင်း၌ ကျင်းပသည်။

ဘောလုံးပြိုင်ပွဲတွင် အောင်သာယာရပ်ကွက်အသင်းက အောင်ပင်လယ်ရပ်ကွက်အသင်းကို နှစ်ဂိုး-တစ်ဂိုးနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အောင်သာယာရပ်ကွက်အသင်းက သံလျက်မှော်ရပ်ကွက်အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသွားကြကာ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **တင်မောင် (မန်းကိုယ်ပွား)**

# မြန်မာ ယူ-၂၂ အသင်းနှင့် အိုမန် ယူ-၂၂ အသင်း ခြေစမ်းပွဲကစား

**ရန်ကုန် ဇန်နဝါရီ ၇**

နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၂၂ အသင်းသည် ပထမဆုံးခြေစမ်းပွဲအဖြစ် အိုမန် ယူ-၂၂ အသင်းနှင့် ယနေ့မြန်မာစံတော်ချိန် ၇ နာရီ ၁၅ မိနစ်က အိုမန်နိုင်ငံ မူစကက်မြို့ရှိ ဆူလ်တန်ကာဘော့စ်ကွင်း၌ ယှဉ်ပြိုင်ကစားသည်။

**အိုမန် ယူ-၂၂ - တစ်ဂိုး**
**မြန်မာ ယူ-၂၂ - ဂိုးမရှိ**

မြန်မာ ယူ-၂၂ အသင်းသည် အရှေ့အလယ်ပိုင်းက ကစားပုံမာကျောသည့် အိုမန် ယူ-၂၂ အသင်းကို အဝေးကွင်း၌ အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် ပေးလိုက်ရသည့်ဂိုးဖြင့် မြန်မာ ယူ-၂၂ အသင်း အရေးနိမ့်ခဲ့သော်လည်း အတွေ့အကြုံကောင်းများရခဲ့သည့်ပွဲဟု ဆိုရမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် **ဂိုး**-စိုးအာကာ၊ **နောက်တန်း**-ဇင်ရဲနောင်၊ ဝင်းမိုးကျော်၊ အောင်ဝဏ္ဏစိုး၊ စိုးမိုးကျော်၊ **အလယ်တန်း**-နန်းထိုက်ဇော်၊ မြတ်ကောင်းခန့်၊ စိုးလွင်လွင်၊ ဟိန်းထက်အောင်၊ **ရှေ့တန်း**-ထက်ဖြိုးဝေ၊ ဝင်းနိုင်ထွန်းတို့ဖြင့် ပွဲထွက်ခဲ့ပြီး နောက်ပိုင်းတွင် ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့သည်။ အိုမန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၅၈ မိနစ်တွင် အာရှက်ဒ်က သွင်းယူခဲ့သည်။

မြန်မာ ယူ-၂၂ အသင်းသည် အိုမန်နှင့် ကာတာခြေစမ်းခရီးစဉ် သွားရောက်နေခြင်းဖြစ်ပြီး ဇန်နဝါရီ ၁၀ ရက်တွင် ကာတာ ယူ-၂၂ အသင်းနှင့် ကာတာနိုင်ငံ ဒိုဟာမြို့၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

## အနုပညာသတင်း

# ရွှေကမ္ဘာလုံးဆုပေးပွဲကြီး ကျင်းပပြီးစီး

၂၀၁၉ ခုနှစ်အတွက် ပြုလုပ်တဲ့ ဟောလိဝုဒ်ရဲ့ အထင်ကရအနုပညာထူးချွန်ဆုပေးပွဲတစ်ပွဲကတော့ လတ်တလောမှာ ကျင်းပပြီးစီးခဲ့ပြီဖြစ်ပါတယ်။ ယခုနှစ်ရဲ့ ရွှေကမ္ဘာလုံးဆုပေးပွဲကို ပြီးခဲ့တဲ့ ဇန်နဝါရီ ၆ ရက်က လော့စ်အန်ဂျလိစ်မှာ ကျင်းပခဲ့ရာမှာတော့ ဟောလိဝုဒ်အနုပညာရပ်ဝန်းမှ နာမည်ကျော်တွေ များစွာတက်ရောက်ခဲ့တာတွေ့ရကြောင်း အီးအွန်လိုင်းဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။

ဒီနှစ်ဆုပေးပွဲမှာတော့ ယခုနှစ်အတွက် အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆု(ဟာသနဲ့ တေးဂီတရုပ်ရှင်)ကို မင်းသမီး အိုလီဗာကိုးလ်မန်းဒ်က "The Favourite" ရုပ်ရှင်နဲ့ရရှိခဲ့တာဖြစ်ပါတယ်။ အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆု(ဟာသနဲ့ တေးဂီတရုပ်ရှင်)ကို ခရစ်စတန်ဗေးလ်က "Vice" ရုပ်ရှင်နဲ့ ရရှိခဲ့ပါတယ်။ အကောင်းဆုံးရုပ်သံဖန်တီးမှု ရုပ်ရှင်အဖြစ် "Spiderman: Into the Spiderverse"က ဆွတ်ခူးခဲ့ပြီး အကောင်းဆုံးရုပ်ရှင်ဒရမ်မာဆုကို "Bohemian Rhapsody"က ရရှိခဲ့ပါတယ်။




# တေးအယ်လ်ဘမ်သစ်အတွက် အဆင်သင့်ဖြစ်နေပြီလို့ ဆိုလိုက်တဲ့ BTS

တောင်ကိုရီးယားရဲ့ ကမ္ဘာကျော်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS"ဟာ လတ်တလောမှာတော့ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်မှုတွေ ပြုလုပ်ခဲ့ရာ အပြီးသတ်အဆင့်ကို ရောက်ရှိနေပြီဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယခုနှစ်ဟာ "BTS"အတွက်တော့ နောက်ထပ် နိုင်ငံတကာဖျော်ဖြေပွဲတွေရဲ့ စင်မြင့်ထက်ကို ထပ်မံခေါ်ဆောင်လာနိုင်မယ့် နှစ်တစ်နှစ် ဖြစ်လာမှာဖြစ်ပါတယ်။ အဆိုပါတေးဂီတအဖွဲ့ဟာ လက်ရှိမှာ တေးအယ်လ်ဘမ်သစ်ထုတ်လွှင့်ဖို့ရာ အဆင်သင့်ဖြစ်နေပြီလို့ သိရပါတယ်။

ဗြိတိန်ရဲ့ ကျော်ကြားတဲ့ ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ အက်ဒ်ရှီးရန်က "BTS"နဲ့ တွဲဖက်ဖန်တီးထားတဲ့ တေးသီချင်းသစ်ကို မကြာသေးမီက စမ်းသပ်ထုတ်လွှင့်ခဲ့ပါတယ်။ ဒါ့အပြင် "BTS"ရဲ့ တေးအယ်လ်ဘမ်သစ်ဟာလည်း ယခုနှစ် ပထမနှစ်ဝက်အတွင်း စတင်ထုတ်လွှင့်ပေးဖို့ရာ စီစဉ်ထားတာဖြစ်ကြောင်းလည်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

## ဝမ်းမြောက်ဂုဏ်ယူခြင်း

